Bibliographic Data

Author	ကြန် ၊ ဒေါ်	KYAN, Daw	Kran‘ , Do‘	**Art.** MK0011A

Article Title ရတနာပုံ စက်ရုံများ
(Yadanabon Factories)
Ratana¯pum cak‘ rum mya¯"

Title (Book/Serial) ပြည်ထောင်စု မြန်မာနိုင်ငံ စာပေနှင့် လူမှုရေး သိပ္ပံဂျာနယ်
Union of Burma Literary and Social Science Journal

Issue and Volume Vol. 1 , No. 1

Edition

Place/ Publisher

Distributor

Ed. Date Jan. 1988)

Pagination p. 14 - 179

Annotation This paper was read at the first Union of Burma Research Conference on 25th March 1966. Myanmar's attempt at modernzing the country is described through construction of nearly fifty factories long before the British invasion of Upper Burma. Crown Prince Nyangyan sent state scholars to India, Europe and England, then used them to develop modern industry. Foreign workers were also employed. The Prince saw the need to forestall another attack by the British. Hence the Gun factory, Iron Foundry and Ship building had priority. How the machinery was procured and the factories developed is described in detail. The British were not pleased, yet even with the assassination of the Crown Prince in 1866 the work continued. But the British ended the effort after annexation and the factories were sold for scrap.

Subject Terms
1. Myanmar - Factories
2. Myanmar - Industries

Key Words
1. Yadanabon Factories
2. Gun Factory (Yadanabon Period)
3. Weaving Factory (Yadanabon Period)
4. Ship Building Factory (Yadanabon Period)
5. Saw Mill (Yadanabon Period)
6. Iron Foundry (Yadanabon Period)
7. Sugar Mile (Yadanabon Period)
8. The Mint (Yadanabon Period)
9. Indigo Factory (Yadanabon Period)
10. Sagaing Iron Factory (Yadanabon Period)

ရတနာပုံစက်ရုံများ

ဒေါ်ကြန်

မြန်မာနိုင်ငံ သမိုင်းကော်မရှင်၊ ရန်ကုန်

ဒေါ်ကြန်။ ။ရတနာပုံစက်ရုံများ။ ပြည်ထောင်စု မြန်မာနိုင်ငံ စာပေနှင့် လူမှုရေး သိပ္ပံဂျာနယ် (၁၉၆၈)၊ ၁၊ ၁၄၈——၁၇၉။ မြန်မာတို့သည် နယ်ချဲ့ဗြိတိသျှတို့နှင့် စစ်မီးနှစ်ကြိမ်တွေ့ရပြီးနောက် မိမိဘဝ ရပ်တည်နေနိုင်ရေးအတွက် ခေတ်မီနိုင်ငံတခုဖြစ်လာရန်ကြိုးပမ်းခဲ့သည်။သို့နှင့် ၁၈၅၈ ခုမှ ၁၈၇၄ ခုနှစ်ခန့် အတွင်းရတနာပုံနေပြည်တော်၌ စက်ရုံများ တည်ထောင်ခဲ့သည်။ ဤစာတန်းသည် ယင်းစက်ရုံများ အနက်မှ အထောက်အထားခိုင်လုံစွာတွေ့ရသည့် စက်ရုံ ၉ ရုံ၏အကြောင်း ဖြစ်ပါသည်။ စက်ရုံများ၏ လုပ်ရည်လုပ်အား မည်မျှရှိခဲ့ကြောင်း၊ နိုင်ငံခြားသား ပညာရှင်များ၊ မြန်မာပညာသင်များနှင့် ငွေပင် ငွေရင်း တတ်အားသမျှ စိုက်ထုတ်ကာ မည်သို့လုပ်ဆောင်ခဲ့၍ မည်မျှထိရောက် အောင်မြင်ခဲ့ကြောင်းတို့ကို အထောက်အထား ရှာဖွေတွေ့ရသမျှတင်ပြထားပါသည်။ ထိုနောက် စက်ရုံများကို ကနောင်မင်းသား စတင် ကြီးကြပ် တည်ထောင်ခဲ့၍ မင်းသားနတ်ရွာစံပြီးနောက် အထိန်းအကွပ်မရှိ၊ဆက်လက်လုပ်ဆောင်ခြင်း မရှိပဲ၊ ဘုရင်၏ လျစ်လျူရှုထားခြင်းခံရသည်ဟု ယူမှတ်ပြောဆို နေကြသည်မှာ မဟုတ်မှန်ကြောင်း အထောက် အထားများက ဖော်ညွှန်းလျက်ရှိသည်ကို ရှင်းလင်းတင်ပြပါသည်။ ထိုပြင် စက်ရုံများကို တည်ထောင် လုပ်ဆောင်စဉ်က စက်ရုံများအပေါ် ဗြိတိသျှတို့ထားခဲ့သည့် သဘောထားနှင့် တိုက်ရိုက်တမျိုး၊သွယ်ဝိုက်၍ တဖုံ နှောင့်ယှက်ဖျက်ဆီးခဲ့ပုံများကို ဖော်ပြပါသည်။ ပြည်သူပြည်သားတို့၏ ချွေးနှီးစာဖြင့် ထူထောင် ခဲ့ရသည့် ရတနာပုံစက်ရုံများမှာ ဗြိတိသျှတို့ သိမ်းပိုက်ပြီးသည့် နောက်ပိုင်းတွင် သံတိုသံစ အဖြစ်ဖြင့် မည်သို့ ဇာတ်သိမ်းသွားရလေသည်ကို လက်လှမ်းမီရာ အထောက်အထားတို့မှ ရှာဖွေတွေ့ရှိသမျှ တင်ပြလျက် စာတန်းကို အဆုံးသတ်ထားပါသည်။

ရတနာပုံစက်ရုံများကား မြန်မာ့ စက်မှုလုပ်ငန်း၏ အရှေ့ဦး ဟု ဆိုထိုက်ပေသည်။ ဘေးဘိုးစဉ်ဆက် ရာဇဝင် တလျှောက်လုံး မြန်မာတို့သည် လယ်ယာမြေနှင့်ပင်အသက် မွေးခဲ့၏။ မြန်မာ ပြည်သည်လည်း ထွန်ယက် စိုက်ပျိုးသော လုပ်ငန်း၊ ယင်းနှင့် ယှဉ်သည့် အိမ်တွင်း လက်မှုပညာတို့မှ ပေါက်ဖွါးသော သမရိုးကျ လူ့ ဆက်ဆံရေးစနစ်၊ စီးပွါးရေး စနစ်တို့နှင့်ပင် သာယာဝပြော စည်ပင်သော နိုင်ငံတခု ဖြစ်ခဲ့ပေသည်။ သို့ပင်ဖြစ်ငြားသော် လည်း နယ်ချဲ့ ဗြိတိသျှတို့နှင့် စစ်မီးနှစ်ကြိမ် တွေ့ပြီးနောက် ရန်သူ့လက်တွင်းသို့ သက်ဆင်း ကျရောက်သွားသည့် ဗြိတိသျှ မြန်မာနိုင်ငံခေါ် ရခိုင်၊ တနင်္သာရီနှင့် အောက် မြန်မာပြည်တို့၏ ဂယက်၊ စက်မှုလက်မှု ထွန်းကား တိုးတက်နေသည့် အနောက် နိုင်ငံများနှင့် ပိုမိုနီးကပ်စွာ ဆက်ဆံရခြင်း၊ ဘေးရန်နီးကပ် ပြင်း ထန်ခြင်း တည်းဟူသော ပတ်ဝန်းကျင် အခြေအနေတို့၏ ဖန်တီး လှုံ့ဆော်မှုကြောင့် သက်ဦးဆံပိုင် ဘုရင်စိုးမိုးမှု လက်အောက်ရှိ မြန်မာပြည်သည် မိမိ၏ဘဝ ရပ်တည် နေနိုင်ရေးကို ရှေ့ရှုကာ ခေတ်မီ နိုင်ငံတခုအဖြစ်သို့ ရောက်စေရန် ရတနာပုံခေတ် အတွင်း စက်မှုလုပ်ငန်းများကို မြေစမ်း ခရမ်းပျိုး ဆိုသကဲ့သို့ စတင် တည်ထောင် ခဲ့ရလေသည်။ အစဉ်အလာကို ကျော်လွန်ကာ တီထွင်ရသော လုပ်ငန်းဖြစ်၍ မကျင်လည်ခြင်း၊ နိုင်ငံခြားသား များကို လုံးအားကိုး လုပ်ဆောင်ရခြင်း၊ နိုင်ငံခြားသား ကုမ္ပဏီ များ၊ အဝယ်တော်များတို့ မရိုးဖြောင့်ကြခြင်း၊ ဗြိတိသျှ အစိုးရ တို့က ဝင်ရောက်ချုပ်ချယ် နှောင့်ယှက်ခြင်း၊ မိမိတိုင်းပြည်၏ သဘာဝအင်အား၊ လူအင်အား၊ အတတ်ပညာ အင်အားတို့နှင့် မဟပ်စပ်မိခြင်း စသည့် ချို့ယွင်းချက်များကြောင့် ငွေကုန်၍ လူပန်းသလောက် အကျိုးမဖြစ်ထွန်းဘဲ ယိုဖိတ်မှုများ ရှိခဲ့သည် ကား မငြင်းဆိုနိုင်ပေ။ ထို့ပြင် ရတနာပုံခေတ် သက်တမ်းကား အနှစ် ၃၀ ခန့်မျှသာဖြစ်၍ တိုတောင်းလှသည်။ ရတနာပုံခေတ် ကုန်ဆုံးချိန်ဝယ် အချို့စက်ရုံများ၏ အသက်မှာ ဆယ်နှစ်ခန့်မျှ သာရှိ၍ တည်ဆဲ၊ ပြုပြင်ဆဲ၊ စမ်းသပ်ဆဲမျှသာ ရှိချေသည်။ ယင်းသို့ တိုတောင်းလှသည့် သက်တမ်းအတွင်း မကျွမ်းမကျင် ခဲယဉ်းစွာ တည်ထောင်ခဲ့ရသည့် ရတနာပုံ စက်ရုံများ မည်မျှ ထမြောက် အောင်မြင်ခဲ့သည်၊ လုပ်ရည်လုပ်အား မည်မျှရှိခဲ့သည်

ပဌမအကြိမ်၊ မြန်မာနိုင်ငံသုတေသနဆွေးနွေးပွဲတွင် ၁၉၆၆ ခု၊ မတ်လ ၂၅ ရက်နေ့၌ဖတ်ကြားသည်။

တို့ကို ရှာဖွေရရှိသမျှ ဤစာတန်းတွင် တင်ပြရန်ရည်ရွယ်ပါသည်။ ထို့ပြင် ရတနာပုံ စက်ရုံများကို မင်းတုန်းမင်း၏ ညီတော် အိမ်ရှေ့စံ ကနောင် မင်းသားကြီး တည်ထောင်ခဲ့သည်။ ၁၂၂၈ ခုနှစ်၊ (ခရစ် ၁၈၆၆) ကနောင်မင်း နတ်ရွာစံပြီး နောက်ပိုင်းတွင် စက်ရုံများမှာ အထိန်းအကွပ်မရှိ၊ ဆက်လက်လုပ်ဆောင်ခြင်း မပြုဘဲ ဘုရင်၏ လျစ်လျူရှုထားခြင်း ခံရ၍ တိမ်းပါးပျက်စီး ရှိနေခဲ့ကြသည်ဟု အများက ပြောစမှတ် ပြုကြပါသည်။ ယင်း အယူအမှတ် လွဲမှားနေကြောင်းကိုလည်း ဤစာတန်းဖြင့် ရှင်း လင်း တင်ပြလိုပါသည်။ ရတနာပုံ စက်ရုံများကို တည်ဆောက် လုပ်ဆောင်ဆဲ အချိန်က ယင်းစက်ရုံများအပေါ် ဗြိတိသျှ အစိုးရ တို့က မည်ကဲ့သို့ သဘောထားသည်၊ အထက်မြန်မာပြည်ကို သိမ်းပိုက်လိုက်သည့် နောက်ပိုင်းတွင် ရတနာပုံ စက်ရုံများ ဗြိတိ သျှတို့ လက်တွင်း၌ မည်ကဲ့သို့ ဇာတ်သိမ်းသွားရရှာသည် တို့ကို လည်း တွေ့မိသမျှ အထောက်အထားတို့ကိုကိုးကား၍ ဤစာတန်း တွင် တင်ပြရန် ရည်သန်ပါသည်။

ဤစာဘန်းကို ပြုစု ရေးသားရာ၌ အောက်ပါ အထောက် အသားများကို ကိုးကားမှီငြမ်း ပြုပါသည်။

၁။ ဦးတင်၊ **ကုန်းဘောင်ဆက် မဟာရာဇဝင်** (တတိ ယတွဲ)၊ မန္တလေးမြို့၊ ဟံသာဝတီ ပိဋကတ် စာပုံနှိပ်တိုက်၊ ၁၉၂၃ ခု။

၂။ **လွှတ်တော် ပုရပိုက် အမှတ်အသား အတိုကောက် မှတ်ပုံ** (ပ နှင့် ဒု)၊ ရန်ကုန်မြို့၊ အစိုးရပုံနှိပ်တိုက်၊ ၁၉၀၁ နှင့် ၁၉၀၉ ခု။

၃။ ကင်းဝန်မင်းကြီး၊ **လန်ဒန်မြို့သွားနေ့စဉ်မှတ်စာတန်း** (ဒု)၊ ရန်ကုန်မြို့၊ အစိုးရပုံနှိပ်တိုက်၊ ၁၉၂၈ ခု။

၄။ ကင်းဝန်မင်းကြီး၊ **ပြင်သစ်နိုင်ငံသွား နေ့စဉ်မှတ်စာ တန်း**၊ ရန်ကုန်မြို့၊ အစိုးရပုံနှိပ်တိုက်၊ ၁၉၃၉ ခု။

၅။ ဦးခြိမ့်၊ **ပူတကေ့ဝပ်န် အီတာလျံသွား မှတ်ဘန်း**၊ မန္တလေး၊ လူထုသတင်းစာတိုက်၊ ၁၉၅၉ ခု။

၆။ ဦးမောင်မောင်တင်၊ **ရွှေနန်းသုံး ဝေါဟာရ အဘိ ဓါန်** (လက်နှိပ်စက်မူ)။

၇။ လူထု ဦးလှ၊ **သတင်းစာများသည် သမိုင်းကို ပြော နေကြသည်**၊ မန္တလေးမြို့ကြီးပွါးရေး ပုံနှိပ်တိုက်၊ ၁၉၆၃။

၈။ အမျိုးသား စာကြည့်တိုက်၊ ကင်းဝန် ပုရပိုက်စု၊ ဦးတင် ပုရပိုက်စု။

၉။ *Burma Military Proceedings*, 1885-6.

၁၀။ *Burma Foreign and Political Proceedings*, 1886.

၁၁။ *Burma Foreign Proceedings*, 1886.

၁၂။ *Upper Burma Proceedings* (Finance and Commerce Department), 1886.

၁၃။ *Upper Burma Proceedings* (Revenue and Agriculture Department) 1886.

၁၄။ Burma Finance and Commerce Proceedings, 1889.

၁၅။ " Diaries of the Political Agent, Mandalay, 1860—80 " *India Foreign and Political Proceedings*, 1860—80.

ဖော်ပြပါ အင်္ဂလိပ် အထောက်အထားများမှာ လန်ဒန်မြို့ အိန္ဒိယရုံး ပိဋကတ်တိုက်ရှိ မှတ်တမ်းများ ဖြစ်ကြပါသည်။ ယင်းတို့ကို မြန်မာနိုင်ငံသမိုင်း ကော်မရှင်တွင် မိုက်ကရိုဖလင် ရိုက်ကူးရယူထားပါသည်။

နိုင်ငံတော်၏ တည်တံ့ရေး၊ တိုးတက်ဖွံ့ဖြိုးရေး၊ ခေတ်မီရေး တို့ကိုရှေးရှု၍ ရတနာပုံခေတ်အတွင်း မြေစမ်းခရမ်းပျိုး တည် ထောင်ခဲ့သောစက်ရုံများကား—

> ရွှေဒင်္ဂါး ငွေဒင်္ဂါး ပုံရိုက်လုပ်ဆောင်သော ဒင်္ဂါးစက်ရုံ တော်၊ ထည်မျိုး အုပ်မျိုး ရက်လုပ်သော ရက်ကန်း စက်ရုံတော်၊ စပါးအမျိုးမျိုး ကြိတ်လုပ်သော ဆန်ကြိတ် စက်ရုံတော်၊ အမြောက်ကြီးငယ်၊ လှံထားအမျိုးမျိုး ဗုံးဆံ အမြောက်ဆံ တူဆံအမျိုးမျိုး သွန်းလုပ်သော စက်ရုံ တော်၊ သစ်ပျဉ်များကို တိုက်ခွဲသော လွှစက်ရုံတော်၊ သကြားချက်လုပ်သော စက်ရုံတော်၊ မဲနယ် ချက်လုပ် သော စက်ရုံတော်မှစ၍ စက်ရုံ အမျိုးမျိုး ဦးရေငါးဆယ် ကျော် ◦

ရှိသည်ဟု ကုန်းဘောင်ဆက် မဟာရာဇဝင်တွင် ဆိုထားပါသည်။ သို့သော် ယင်းစက်ရုံ ငါးဆယ်ကျော်၏ အမျိုးအမည် အတိ အကျကိုဂင်း၊ အကြောင်းအရာများကိုဂင်း ထောက်လှမ်းရှာဖွေ မရနိုင်သေးချေ။ အထောက်အထား တွေ့ရှိရသမျှသော အ မြောက်သေနတ်စက်ရုံ၊ ရက်ကန်းစက်ရုံ၊ သင်္ဘောစက်ရုံ၊ လွှစက်ရုံ၊ သကြားစက်ရုံ၊ သံစက်ရုံ၊ ဒင်္ဂါးစက်ရုံ၊ မဲနယ်စက်ရုံနှင့်စစ်ကိုင်း သံပိုစက်ရုံ၊ ဤစက်ရုံ ၉ ရုံအကြောင်းကိုသာ ဤစာတန်းတွင် တင်ပြနိုင်ကြောင်း အစီရင်ခံလိုပါသည်။

ဤစက်ရုံများကို သကရစ် ၁၂၂၀ မှ ၁၂၃၆ ခုနှစ် (ခရစ် ၁၈၅၈ မှ ၁၈၇၄) အတွင်း တည်ဆောက်ခဲ့သည်ဟု ခန့်မှန်း ရပါသည်။ မည်သည့်စက်ရုံကို မည်သည့် ခုနှစ်တွင် တည်ဆောက် သည်ဟု အတိအကျ ပြောဆိုနိုင်ရန်ကား ခဲယဉ်းပါသည်။ သို့သော် မြန်မာတို့သည် ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ (ခရစ် ၁၈၅၂ ခု)အပြီး အောက်မြန်မာပြည်ကို လက်လွှတ်ဆုံးရှုံးရ သည်နှင့်တပြိုင်နက် မိမိတို့၏ဘဝ ဖြစ်ရပ်မှန်ကိုဂင်း၊ ဗြိတိသျှ ခြေလှမ်းကိုဂင်း၊ ပတ်ဝန်းကျင် အခြေအနေကိုဂင်း သဘော ပေါက်နားလည်ကြလျက် မိမိတို့ထက် အရာရာသာလွန်တိုးတက် နေပြီဖြစ်သော နယ်ချဲ့တို့နှင့်ယှဉ်ပြိုင်၍ လွတ်လပ်သော နိုင်ငံ တခုအဖြစ်ရပ်တည်နေနိုင်ရန် ခေတ်မီနိုင်ငံအဖြစ်သို့ ပြောင်းလဲ ရေးကို သကရစ် ၁၂၁၆ ခုနှစ် (ခရစ် ၁၈၅၄)ခန့်ကပင် စတင် စိုင်းပြင်းကြကြောင်း တွေ့ရပါသည်။ သို့နှင့် နိုင်ငံတော် ကာကွယ် ရေးအတွက် ခေတ်မီလက်နက်များ တပ်ဆင်နိုင်ရန်၊ စစ်သင်္ဘော၊

ကုန်သဘော်များ တည်ဆောက်နိုင်ရန်၊ စက်ရုံအလုပ်ရုံများ တည်ထောင်နိုင်ရန် ရည်သန်လျက် ၁၂၁၆ ခုနှစ်၊ တော်သလင်းလ (စက်တင်ဘာ ၁၈၅၄) အတွင်း အင်္ဂလိပ်တို့နှင့် မဟာမိတ်အဖြစ်စေလွှတ်သည့် ဗင်္ဂလားသွား သံအဖွဲ့ခေါင်းဆောင် ဖြစ်သူ နန်းမတော်ဝန် မင်းကြီး မင်းမဟာမင်းခေါင် ရာဇာ [၂] သို့ သင်္ဘောရလျှင် ဝယ်ယူခဲ့ရမည်၊ မရလျှင် စက်ကရိယာနှင့် စက်ဆရာများ ဝယ်ယူငှါးရမ်းခဲ့ရမည်ဟု အမိန့်ချမှတ်ညွှန်ကြားလိုက်ပါသည်။ [၃] ထို့ပြင် သကရစ် ၁၂၂၅ ခုနှစ်ကုန်လုနီး ပြာသိုလ၊ တပေါင်းလ (ခရစ် ၁၈၆၃-၄) များအတွင်း သံတော်ဆင့် ဦးရွှေဘင်နှင့် စက်ဆရာ ဦးထွန်းတို့ကို ပွတ်စက်၊ ဖေါက်စူးစက်စသည့် စက်ကရိယာများ ဝယ်ယူရန် ဗင်္ဂလားသို့စေလွှတ်ကြောင်းလည်း တွေ့ရပါသည်။ [၄] ထိုနောက် သကရစ် ၁၂၂၉ ခုနှစ် (ခရစ် ၁၈၆၇) တွင် စက်ကရိယာများ ဝယ်ယူတင်သွင်းရန်၊ ရန်ကုန်မြို့ရှိ **တော့ဖှင်ဒလေအင်ကုမ္ပဏီ** ကိုယ်စားလှယ်နှင့်စာချုပ်ဆိုခြင်း၊ [၅] သကရစ် ၁၂၃၃ ခုနှစ် (ခရစ် ၁၈၇၁) အတွင်း အခြားအလားတူ ကုမ္ပဏီများနှင့် ထပ်မံ စာချုပ်ချုပ်ဆိုခြင်း [၆] များလည်း တွေ့ရပါသည်။ သို့နှင့် ရတနာပုံ စက်ရုံများအတွက် စက်ကရိယာများကို သကရစ် ၁၂၁၆ ခုနှစ် (ခရစ် ၁၈၅၄) က ပင်ဝယ်ယူရန် စတင်စိုင်းပြင်း၍ စက်ရုံများကိုမူ သကရစ် ၁၂၁၆ ခု မှ ၁၂၃၆ နှစ် (ခရစ် ၁၈၅၄ မှ ၁၈၇၄) အတွင်းတည်ဆောက်ထူထောင်သည်ဟုသာမန်အားဖြင့် ခန့်မှန်းရပါသည်။ ဤအကြောင်းကို စက်ရုံများတခုစီ အသေးစိတ် ဖေါ်ပြရာ၌ ထပ်မံ ရှင်းလင်းတင်ပြပါမည်။

ယင်းစက်ရုံများကို တည်ဆောက်ရာ၌ ငွေပင်ငွေရင်း မည်မျှ စိုက်ထုတ်ကုန်ကြသည်ဟု စာရင်းအင်း တိတိကျကျ မတွေ့ရသေးချေ။ မြန်မာဘုရင်အစိုးရသည် အစပထမ၌လိုအပ်သည့်စက်များ၊ ပစ္စည်းကရိယာများကို တိုက်ရိုက်ဝယ်ယူရန် စီစဉ်ကြိုးပမ်း ခဲ့လေသည်။ သို့နှင့်အထက်တွင်ဖေါ်ပြခဲ့သည့်အတိုင်း သကရစ် ၁၂၁၆ ခုနှစ်(ခရစ် ၁၈၅၄) ဗင်္ဂလားသွား မဟာမိတ် သံအဖွဲ့သို့သင်္ဘော ဝယ်ယူရန်၊ စက်ဆရာများ၊ စက်ကရိယာများ ငှါးရမ်းဝယ်ယူခဲ့ရန်ညွှန်ကြားခဲ့သည်။ သို့သော် ထိုစဉ်က ယင်းညွှန်ကြားချမှတ်လိုက်သည့် အလုပ်အဆောင်မှာ ပြီးပြေ ဖြစ်မြောက်ခဲ့ဟန်မတူဟု ထင်မြင်ရပါသည်။ ထိုနောက် သကရစ် ၁၂၂၅ ခု၊ ပြာသိုလမှ တပေါင်းလ (ဒီဇင်ဘာ ၁၈၆၃ မှ ဖေဖေါ်ဝါရီ ၁၈၆၄) အတွင်း သံတော်ဆင့် ဦးရွှေဘင်နှင့် စက်ဆရာ ဦးထွန်းတို့ ဗင်္ဂလားသို့ သွားရောက်ကာ ပွတ်စက်၊ ဖေါက်စူးစက်များ ဝယ်ယူခဲ့ကြသည်။ သို့သော် ဝယ်ယူခဲ့သည့် စက်များ၊ ပစ္စည်းကရိယာများ၏ တန်ဘိုးငွေကို မသိရချေ။ ထိုစဉ်က ယင်းသို့ စက်ပစ္စည်းကရိယာများ ဝယ်ယူတင်သွင်းသည်ကို အိန္ဒိယပြည် ဗြိတိသျှ အစိုးရက ဟန့်တားပိတ်ပင်ခဲ့ဟန်တူသည်။ သို့နှင့်ဝယ်ယူသည့်ပွတ်စက်ကရိယာများ အဆောင်အယူကို မည်သည့်အတွက်ကြောင့် တားဆီးကြောင်း သိသာအောင် ဗင်္ဂလားသို့စာပေးပါမည့်အကြောင်း စသည်ဖြင့် ဗြိတိသျှ မြန်မာနိုင်ငံ မဟာဝန် ရှင်တော်မင်းကြီး ဖယ်ရာနှင့် မကွေးဝန်ကြီးတို့ အပြန်အလှန် ပေးစာပြန်စာများ [၇] ရှိခဲ့ကြောင်း တွေ့ရပါသည်။ တဖန် သကရစ် ၁၂၂၈ ခုနှစ်၊ တပေါင်းလ (မတ် ၁၈၆၇) အတွင်း သံတော်ဆင့် ဦးရွှေဘင်နှင့် လူငယ် ၂ ဦးတို့ကို ပြင်သစ်ပြည်သို့ စက်ကရိယာ အဝယ်အယူစေလွှတ်ရန် စီစဉ်ပြန်သည်။ ဦးရွှေဘင် [၈] မှာ ကာလကတ္တားမြို့တွင် ပညာသင်ကြားဘူးသဖြင့် အင်္ဂလိပ်စာ အတန်အသင့် တတ်မြောက်သည်။ လူငယ် ၂ ဦးမှာမူ ပဲရစ်မြို့ စစ်ပညာသင် ကျောင်းများ၌ ပညာသင်ကြား ဆည်းပူးရန် ကနောင်မင်းသားက စေလွှတ်သဖြင့် သုံးလေးနှစ်ကြာမျှ ပဲရစ်တွင် ပညာဆည်းပူးကာ ပြန်ရောက်လာသည့် မောင်ထွန်းအောင်နှင့် မောင်ညွန့် [၉] တို့ဖြစ်ကြသည်။ ယင်းလူငယ် သုံးဦးကို ငွေကြေးစုံလင်စွာ ပေးအပ်လျက် အမြောက်ဆံ၊ ဗုံးဆံ၊ တူဆံ၊ လက်နက်ကရိယာ ပြုလုပ်နိုင်သည့် စက်ပစ္စည်းများ အဝယ်အယူ စေလွှတ်ခြင်းဖြစ်သည်ဟု နယ်ချဲ့တို့၏ မှတ်တမ်းများက ဖေါ်ပြကြသည်။ [၁၀] ယင်းစက်ကရိယာ ဝယ်အဖွဲ့စေလွှတ်ရန် စီစဉ်ရာ၌ မြန်မာအစိုးရတို့သည် မိမိအားမတိုင်မပင်၊ သတင်းစကားအဖြစ် ပင်မြွက်ဟခြင်းမရှိဟု မန္တလေး နေပြည်တော်ရှိ ဗြိတိသျှအစိုးရတို့၏ ကိုယ်စားလှယ် အရေးပိုင်က မကျေမနပ် ရှိခဲ့သည်။ ထို့ကြောင့် ၁၈၆၇ ခု၊ မတ်လ ၂၂ ရက်နေ့စွဲပါ သူ၏ အစီရင်ခံစာတွင် ဦးရွှေဘင်အမှူးရှိသည့် ဤစက်ကရိယာအဝယ်အဖွဲ့သည် စင်စစ် နိုင်ငံရေး အတွင်းရေး အမှောင့်ပယောဂ မကင်း၍ လုံးဝ ယုံကြည်ဘွယ်မရှိကြောင်း၊ အပြင်ပန်းအားဖြင့် ရက်ကန်းစက်၊ ပန်းကန်စက် စသည်တို့ကို ဝယ်ယူရန်ဟု အကြောင်းပြသော်လည်း စင်စစ် လက်နက်ခဲယမ်းမီးကျောက်လုပ်စက်များ ဝယ်ယူရန်ဖြစ်ကြောင်းနှင့် ဖေါ်ပြအစီရင်ခံရာ။ [၁၁] ဤအဝယ်တော်အဖွဲ့ မသွားဖြစ်အောင် မြန်မာဘုရင်အား ဖြားယောင်း သွေးဆောင်ရမည်ဟု ဗြိတိသျှ မြန်မာနိုင်ငံ မဟာဝန်ရှင်တော် မင်းကြီးက မန္တလေးရှိ ဗြိတိသျှ ကိုယ်စားလှယ်အရေးပိုင်သို့ ညွှန်ကြားလေသည်။ [၁၂] ဤတွင် ဦးရွှေဘင် အမှူးရှိသည့် စက်ကရိယာအဝယ်တော်အဖွဲ့မှာ ရန်ကုန်မြို့မှ နေပြည်တော်သို့ ပြန်လာခဲ့ရလေသည်။ [၁၃] ထိုအတောအတွင်း မည်သို့ မည်ပုံဝယ်ယူသည်ဟု အတိအကျ မသိရသော်လည်း ၁၈၆၇ ခု၊ ဇွန်လတွင် မြန်မာဘုရင် အစိုးရအတွက် စက်ပစ္စည်းငွေ ၄၀,၀၀၀ ကျပ်ဖိုး ရန်ကုန်မြို့သို့ သင်္ဘောဖြင့် တင်ဆောင်လာကြောင်းလည်း တွေ့ရပါသည်။ [၁၄] ထို့နောက်ပိုင်းတွင်မူ မြန်မာဘုရင်အစိုးရသည် လိုအပ်သည့် စက်ကရိယာများ ဝယ်ယူရေးကို နိုင်ငံခြားသားကုမ္ပဏီများ၊ ကိုယ်စားလှယ်များနှင့် ဆက်သွယ် လုပ်ဆောင်ရလေသည်။ မြန်မာဘုရင်အစိုးရသို့ စက်ကရိယာများ ဝယ်ယူဆက်သွင်းမည်ဟု ပထမဆုံး စာချုပ်ဆိုသည့် ကုမ္ပဏီမှာ ရန်ကုန်မြို့ **တော့ဖှင်ဒလေအင်ကုမ္ပဏီ** ဟုထင်မြင်ရပါသည်။ ယင်းကုမ္ပဏီ၏ ကိုယ်စားလှယ်တဦးဖြစ်သူ **ဝီလျံရော်ဂျာ**သည် မန္တလေး နေပြည်တော်သို့ လာရောက်၍ ပွတ်စက်၊ ဝါကြိတ်စက် စသည်များ ဝယ်ယူဆက်သွင်းမည်ဟု ၁၂၂၉ ခု၊ ဝါဆိုလပြည့်ကျော် ၁၂ ရက် (၂၇ ဇူလိုင် ၁၈၆၇) နေ့စာချုပ် ချုပ်ဆိုသည်။ [၁၅] ယင်းစာချုပ်အရ သကရစ် ၁၂၃၀

ခု၊ တပို့တွဲလ (ဇန်နဝါရီ၊ ဖေဖော်ဝါရီ ၁၈၆၉) အတွင်း ရွှေဘော်စက်၊ ဝန်ချီစက်၊ ပွတ်ခံစက်၊ ဖေါက်ဆူးစက်၊ သံပြားကြိတ်စက်၊ အားပေးမီးစက်များ အဖိုးငွေဒင်္ဂါး ၁,၇၉,၀၀၀ ကျပ် ဖိုး ဝယ်ယူပေးသွင်းခဲ့လေသည်။ [၁၆] ထို့နောက်ဗျူကင်နံကုမ္ပဏီ (မြန်မာတို့ကဘုတ်ကင်နံကုမ္ပဏီဟုရေးမှတ်ခဲ့သည်)နှင့် သက္ကရာဇ် ၁၂၃၀ ခု၊ တပို့တွဲလ (ဖေဖော်ဝါရီ ၁၈၆၉) အတွင်း စက်ကရိယာစာချုပ် အသစ်ထပ်မံ ချုပ်ဆိုကြောင်း [၁၇] သိရပါသည်။ ယင်းကုမ္ပဏီနှင့် ပထမစာချုပ်ကို မည်သည့် ခုနှစ်ကချုပ်ဆိုသည်၊ မည်သည့်စက်ကရိယာများ ဝယ်ယူဆက်သွင်းသည်၊ တန်ဖိုးငွေ မည်မျှနှင့် စာချုပ်ဆိုသည်များကိုမူ မသိရချေ။ တဖန်ရန်ကုန်မြို့ အင်္ဂလိပ်ကုန်သည်ကြီး မစ္စတာ ဒေါ်ဆင်သို့ သဘောတွင် တပ်ဆင်ရန် စက်ကရိယာများ ဝယ်ယူဆက်သွင်းသဖြင့် ငွေတသိန်း ချီးမြှင့်သည် ဟု ၁၂၃၃ ခု၊ သီတင်းကျွတ်လဆန်း ၉ ရက် (၂၂ အောက်တိုဘာ ၁၈၇၁) သောကြာနေ့ထုတ် **မြန်မာဂေဇက်သတင်းစာ** [၁၈] တွင် တွေ့ရပြန်ပါသည်။ ယင်းကဲ့သို့ စက်များ၊ ပစ္စည်းကရိယာများ၊ သင်္ဘောများ၊ အမြောက် သေနတ် လက်နက်များဝယ်ယူဆက်သွင်းမည်ဟု မြန်မာဘုရင် အစိုးရနှင့် ကတိစာချုပ်ပြုလုပ် လက်မှတ် ရေးထိုးကြသည့် အခြားအလားတူ ကုမ္ပဏီများမှာ **ဂလက်စတုန်ဝီလီကုမ္ပဏီ၊ ဆပ်သာလင်မကင်ဇီကုမ္ပဏီ၊ အက်ဒမန်ဂျုံးကုမ္ပဏီနှင့်ဟယ်လီဒေးဘူလုပ်ကုမ္ပဏီ**တို့ဖြစ်ကြပါသည်။ထို့ပြင် တဦးချင်းအနေဖြင့် ကိုယ်စားလှယ်တော် အဝယ်တော်ပြုလုပ်ကြသူ **ဝီလျံဝါလစ်၊ ဒေါ်ဆင်၊ ဒေါက်တာဝီလျံ ဒါဗီဒေါ်** စသည့်နိုင်ငံခြားသားကုန်သည်ပွဲစားများလည်း ရှိလေသည်။ သက္ကရာဇ် ၁၂၃၃ ခု (ခရစ် ၁၈၇၁) နှစ်အတွင်း ဖေါ်ပြပါ ကုမ္ပဏီများ၊ ကုန်သည်ကြီးများနှင့် စက်များ၊ ပစ္စည်းကိရိယာများ၊ အမြောက်သေနတ် လက်နက်များ၊ သင်္ဘောများ ဝယ်ယူ ဆက်သွင်းရန် စာချုပ်ချုပ်ဆိုခဲ့သည့် ငွေတန်ဖိုးမှာ သိန်းလေးဆယ်ကျော်သည်ဟုဆိုပါသည်။ [၁၉] စက်ကိုင်းသံဖိုစက်ရုံရှိ စက်ပစ္စည်း ကရိယာများမှာသည်း တန်ဖိုးငွေ ငါးသိန်းကျော်ဘိုးခန့်ရှိသည်ဟုလည်းတွေ့ရပါသည်။ [၂၀] ယင်းကဲ့သို့ စက်များ၊ ပစ္စည်းကရိယာများ အကြိမ်ကြိမ် ဝယ်ယူငွေအချို့ကို သာမန်အားဖြင့် ဤမျှသာ သိရှိရပါသည်။ မည်သည့်စက်၊ မည်သည့်စက်ရုံအတွက် မည်မျှ အခွင်းစိုက်ထုတ် ကုန်ကျလေသည် ဟူ၍ကား အတိအကျစာရင်း မပြနိုင်ဖြစ်ပါသည်။

စက်ရုံများကို တည်ဆောက်ရာ၌ ငွေပင် ငွေရင်း မည်မျှ မြှုပ်နှံကုန်ကျသည်ဟု စာရင်း အတိအကျ မတွေ့ရဟုဆိုသဖြင့် မြန်မာတို့သည် ဤမျှလုပ်ငန်းကြီးကိုပင် စာရင်းအင်းမရှိပေါ့ပေါ့ ပြေပြေလုပ်ဆောင်လေသည်ဟု နိုင်ငံခြားသား ရာဇဝင်ဆရာများ၏ သေသံကိုသိုက်ကာ အပြစ်တင်မစောကြစေလိုပါ။ **လွှတ်တော် ပုရပိုက်အမှတ်အသား အတိုကောက်မှတ်ပုံ** ပထမတွဲ၊ စာမျက်နှာ ၁၆၈ တွင်ဖေါ်ပြထားသည့် ပုရပိုက်အမှတ် ၁၃၇ သည်—

> ၁၂၂၉ ခု၊ ဝါဆိုလပြည့်ကျော် ၁၂ ရက်နေ့ တပ္ပဏ္ဏလီ ကုန်သည်ကြီးက၊ ပွတ်စက်၊ ဝါကြိတ်စက်များ ဝယ်ယူဆက်သမည့် လက်မှတ်ထိုးစာချုပ်။ ၎င်းစာချုပ်အရ ဝယ်ယူရန် စက်ကရိယာအမျိုးအမည်နှင့် အဖိုးငွေစာရင်း

ဖြစ်ကြောင်း တွေ့ရပါသည်။ ထို့အတူ ယင်းစာအုပ်ဒုတိယတွဲ၊ စာမျက်နှာ ၁၀၆ တွင်ဖေါ်ပြသည့်ပုရပိုက်အမှတ် ၂၉၂ သည်—

> ကလေမံ ဝီလျံနှင့် ချုပ်ဆိုသည့် သံဘိုစက်ဝယ်စာချုပ်၊ ခံဝန်ချက်၊ စက်ကရိယာဘိုး၊ စက်ဆရာတို့လခ၊ သင်္ဘောခ၊ ကလေမံ ဝီလျံသို့ ပေးငွေစာရင်းများ

ဖြစ်ပါသည်။ ယင်းကိုထောက်၍ စာချုပ်စာတန်း စာရင်းအင်းများ ရှိခဲ့မည်ကို ထင်ရှား သိသာပါသည်။ အဆိုပါ စာရင်းအင်း ပုရပိုက်များမှာ မန္တလေး နေပြည်တော်ကို ဗြိတိသျှတို့ တက်ရောက်သိမ်းပိုက်စဉ်ကရင်း၊ ထို့နောက် နေပြည်တော်မှ ရန်ကုန်မြို့သို့ လှည်းအစီး ၄၀ ဖြင့် သယ်ဆောင်လာကာ အတွင်းဝန်များရုံးတွင် အတိုကောက် မှတ်ပုံ ပြုလုပ်ပြီးနောက် ဖျက်ဆီးပစ်လိုက်သည့်ပုရပိုက်နှစ်သောင်းကျော် [၂၁] တွင်ပါသွားလေပြီ ဟူ၍ ၎င်း၊ ကျန်ရှိသည် များမှာလည်း နောက်ပိုင်းတွင် တိမ်မြုပ် ပျက်စီး ပျောက်ကွယ်ကုန်လေပြီ ဟူ၍၎င်း မှတ်ယူဘွယ်သာ ရှိပါသည်။ စာရင်းအင်းများ မရှိခဲ့ဟု ပေါ့ပေါ့တန်တန် မတွေးထင်သင့်ကြောင်း အစီရင်ခံလိုပါသည်။

ယင်းသို့ ဝယ်ယူခဲ့သည့် စက်များ၊ စက်ပစ္စည်း ကရိယာများ၏ တန်ဖိုးငွေကို မြန်မာဘုရင် အစိုးရသည် မည်ကဲ့သို့ ပေးဆပ်ကြောင်းကို ဆက်လက်တင်ပြပါမည်။ မူရင်း အားဖြင့်သော် မြန်မာ အစိုးရသည် ဝယ်ယူသည့်စက်နှင့် စက်ပစ္စည်းများ၏ တန်ဖိုးကို ငွေဖြင့်ပင် ပေးချေပါသည်။ အချို့ကိုမူ ပြည်ထွက်ပစ္စည်းများဖြစ်သည့် ရေနံ၊ သစ်၊ ရွှား၊ ကြက်ပေါင်စေး၊ ဝါ စသည့် ကုန်ပစ္စည်းများဖြင့် ပေးချေလေသည်။ ထို့ပြင် စက်နှင့် စက်ပစ္စည်း ဝယ်ယူဆက်သွင်းသည့် ကုမ္ပဏီနှင့် ကုန်သည်ကြီးအချို့ကို သစ်ခုတ်လုပ်ဆောင်ခွင့်၊ ရေနံ လုပ်ဆောင်ခွင့်တို့ ပေး၍ ယင်းအခွန်တွင်ခုနှိမ် ပေးဆပ်သည်လည်း တွေ့ရပါသည်။ ပုံစံပြ၍ အတိအကျပြောရသော် တေဘ့ဖင်ဒလေအင်ကုမ္ပဏီမှ သက္ကရာဇ် ၁၂၂၉ ခု (၁၈၆၇) အတွင်း ဝယ်ယူခဲ့သည့် ပွတ်စက်၊ ဖေါက်စူးစက်၊ သံပြားကြိတ်စက် စသည်တို့၏ တန်ဖိုးငွေကို "ပခန်းကြီးနှင့် စလင်းမြို့ ဆိပ်ကမ်းများရှိ သစ်တော် ပျဉ်တော်များကို အတားအဆီးမရှိ စုန်မျှောရောင်းချ" ၍၎င်း၊ "သစ်တော် ပျဉ်တော်များ ပေး" ၍၎င်း၊ "အောက်စုန် ရေနံခွန်တွင် ခုနှိမ်စေ" ၍၎င်း ပေးဆပ်ခဲ့လေသည်။ [၂၂] ထို့အတူ ပြင်သစ်မှ ဒင်္ဂါးစက်မှာထား ဆက်သွင်းသူ အင်္ဂလိပ်ကုန်သည်ကြီး ဝီလျံဝါလစ်ကို တောင်ငူ သစ်တောရှိ သစ်များ ဝယ်ယူခွင့်ပေး၍ ဒင်္ဂါးစက်ဖိုးငွေကို တင်ပြတောင်းဆိုသည့်အတိုင်း အဖိုးချေပေး ဝယ်ယူခဲ့ပါသည်။ [၂၃]

စက်နှင့် စက်ပစ္စည်း ကရိယာများကို နိုင်ငံခြားသား ကုမ္ပဏီများ၊ ကုန်သည် ပွဲစားများမှတဆင့် မှာထား ဝယ်ယူရသည်တွင် ယင်းကုန်သည်ပွဲစား အဝယ်တော် အချို့တို့၏ မရိုးဖြောင့်မှုကြောင့် နစ်နာဆုံးရှုံးမှုများ ရှိခဲ့ကြောင်းလည်း တွေ့ရပါသည်။ ယင်းအဝယ်တော်တို့သည် မြန်မာဘုရင် အစိုးရ အလိုရှိသည့်

စက်ပစ္စည်းများကို မည်သည့်ရက်လအတွင်း တင်သွင်း ဝယ်ယူဆက်သပါမည်ဟု ခံဝန်ချုပ်ဆိုလျက် ငွေများ၊ ကုန်ပစ္စည်းများကို တင်ကူး ထုတ်ယူကြသည်။ ထိုနောက် စာချုပ်လရက်လွန်သော်လည်း ခံဝန်ရင်း စက်ပစ္စည်းကရိယာများကို မပေးမအပ်၊ ထုတ်ယူရင်းငွေကိုလည်း ပြန်လည်မပေး မဆပ်ပဲ ရှိခဲ့ကြသည်။ ထိုသို့ကတိပျက်ကွက်သူများတွင် ဒေါက်တာ ကလေမံဝီလျံလည်း တဦးအပါအဝင်ဖြစ်သည်။ ဒေါက်တာ ကလေမံဝီလျံသည် စစ်တပ်ဆရာဝန် တဦးဖြစ်၏။ ၁၈၆၃ ခု၊ မေလအတွင်း ဒေါက်တာဝီလျံကို နိုင်ငံခြားရေး ဌာန၏ သဘောတူညီချက်နှင့် ဗြိတိသျှအစိုးရ ကိုယ်စားလှယ် အရေးပိုင်အဖြစ် မန္တလေးတွင်ခန့်ထား နေထိုင်စေသည်။ [24] ယင်းရာထူးကို ဆက်လက် မထမ်းဆောင်ရသောအခါ၌ မြန်မာဘုရင် အစိုးရ၏ အဝယ်တော်အဖြစ် မန္တလေး နေပြည်တော်တွင်ပင် ဆက်လက် နေထိုင်သူဖြစ်သည်။ ဒေါက်တာ ကလေမံဝီလျံသည် သေနတ်များ၊ တိုက်သင်္ဘောများ ဝယ်ယူဆက်သွင်းမည်ဟု ကတိခံဝန် ချုပ်ဆို၍ မြန်မာအစိုးရထံမှငွေ ၅၀,၀၀၀ ကျပ်ထုတ်ယူသည်။ စာချုပ်လရက် လွန်လာသော်လည်း ခံဝန်ရင်း ပစ္စည်းများကို မပေးမအပ်ရှိသည်နှင့် သကရာဇ် ၁၂၃၈ ခု၊ တပေါင်းလပြည့်ကျော် ၃ ရက် (၂၇ ဖေဖော်ဝါရီလ ၁၈၇၇)နေ့စွဲဖြင့် ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင် ကိုယ်စားလှယ် အီဘီစလေဒင်သို့ မဟာဝန်ရှင်တော် မင်းကြီးထံ တိုင်တန်းပေးရန် စာရေးသား အကြောင်းကြားခဲ့ရလေသည်။ [25] ထိုနှစ်အတွင်းမှာပင် စက်ကရိယာဝယ် စာချုပ် ချုပ်ဆိုထားသည့် ဗျူကင်နံ ကုမ္ပဏီသည်လည်း စာချုပ်ရက်လလွန် ကတိပျက်ကွက်လျက်ရှိသဖြင့် အလားတူ တိုင်တန်းစာများ ရေးသားရကြောင်း တွေ့ရပါသည်။ [26] ထို့ပြင် ဗျူကင်နံ ကုမ္ပဏီ၏ ကိုယ်စားလှယ်ဆိုသူ ဒါဗီဒေါ် ထံ၌လည်း သံရည်ကျိုစက်ကရိယာ ဝယ်ယူဆက်သွင်းမည်ဟု ယူသည့်ငွေ ၄၅,၀၀၀ ကျပ်မှာ စာချုပ်ရက်လလွန်လျက် မပေးမဆပ် တောင်းခံ မရရှိ နေခဲ့လေသည်။ [27] ယင်းကဲ့သို့ ဗျူကင်နံ ကုမ္ပဏီနှင့် ငွေရေးကြေးရေး မပြတ်မရှင်းရှိနေသည့်အတွင်း ရန်ကုန်မြို့၊ ဂလက်စတုန်ဝီလီ ကုမ္ပဏီက ဗျူကင်နံ ကုမ္ပဏီနှင့် ကိုယ်စားလှယ် ဒါဗီဒေါ် တို့၏ ကြွေးများကို တာဝန်ယူကာ စာချုပ်သစ်များထပ်မံချုပ်ဆိုရပါမည့် အကြောင်းနှင့်မြန်မာဘုရင်ထံ ၁၈၇၉ ခုနှစ်အတွင်း စကားကမ်းလှမ်းခဲ့ပါသည်။ [28] ယင်းကိစ္စကား အောင်မြင်ဖြစ်မြောက်ခဲ့ဟန် မတူချေ၊ သို့နှင့် ဗျူကင်နံကုမ္ပဏီ ကိုယ်စားလှယ် ဒါဗီဒေါ်ထံရရန်ငွေ ၄၅,၀၀၀ ကျပ်ကို ဂလက်စတုန်ဝီလီကုမ္ပဏီက ကိုယ်စားလှယ်ပြုလုပ် တောင်းခံပေးပါမည်ဆိုလျက် နေ့ရက်ရှည်ကြာ မတောင်းမခံ လွဲရှောင်နေသည်နှင့် ၁၂၃၂ ခု၊ သီတင်းကျွတ်နှင့် တန်ဆောင်မုန်းလများ (အောက်တိုဘာ ၁၈၇၀)အတွင်း ဒေါက်တာ ကလေမံဝီလျံကိုပင် တဖန်လွှဲအပ် ဘောင်းဆို စေရပြန်ကြောင်း [29] တွေ့ရပါသည်။

သို့သော် ယင်းငွေကြေး ပြဿနာများမှာ ၁၂၃၄ ခု၊ တော်သလင်းလ (စက်တင်ဘာ ၁၈၇၂) ရောက်သည့်တိုင်အောင်ပင် မပြီးမပြတ် မပြေလည်ပဲ ရှိနေသေးလေသည်။ စင်စစ်အားဖြင့်သော် မြန်မာဘုရင် အစိုးရသည် ဗျူကင်နံ ကုမ္ပဏီနှင့် ယင်းတို့၏ကိုယ်စားလှယ် ဒါဗီဒေါ် တို့ထံမှ ရရှိရန်ငွေများကို ပြန်လည်မရမရှိ ဆုံးရှုံးလေသည်ဟု ယူဆရပါသည်။ အဘယ်ကြောင့်ဆိုသော် ၁၈၇၂ ခု၊ စက်တင်ဘာလတွင် ဗျူကင်နံကုမ္ပဏီမှာ ကုန်ရှုံးပျက်စီး ဒေဝါလီခံသွား၍ ဒါဗီဒေါ်မှာလည်း အလုပ်ရပ်နားကာ ပြန်သွားပြီဖြစ်ကြောင်း[30] တွေ့ရသောကြောင့်ဖြစ်ပါသည်။ ထိုစဉ်က ဒေါက်တာ ကလေမံဝီလျံသည်လည်း ယူထားသည့်ငွေ ၅၀,၀၀၀ ကျပ် ကိုပြန်လည် မပေးမဆပ်သေးဘဲ ရှိပါသည်။ သို့သော်ယင်းငွေကို ထည့်သွင်းခုနှိမ်၍ စစ်ကိုင်းသံဖို စက်ရုံအတွက် စက်များ၊ ပစ္စည်းကရိယာများ တန်ဖိုးငွေ ၇၀,၀၀၀ ကျပ်ဖိုး ဝယ်ယူပေးဆက်ပါမည်ဟု ထပ်မံစာချုပ်ပြန်သည်။ ယင်းစာချုပ်အရ မြန်မာဘုရင် အစိုးရထံမှ နောက်ထပ်ငွေ ၃၀,၀၀၀ ကျပ် ထုတ်ယူပြန်ရာ တန်ဖိုးငွေ ၇၀,၀၀၀ ကျပ် ဖိုး စက်များ ရရှိပြီးသည့် တိုင်အောင်ပင်း ဒေါက်တာ ကလေမံဝီလျံထံ၌ ငွေ ၁၀,၀၀၀ ကျပ် ရရန်ကျန်ရှိနေဦးမည်ဖြစ်လေသည်။ [31] ဒေါက်တာ ကလေမံဝီလျံသည် စစ်ကိုင်းသံဖိုစက်ရုံအတွက် စက်များ ဝယ်ယူပို့ဆက်ကြောင်း တွေ့ရသော်လည်း တန်ဖိုးငွေ ၇၀,၀၀၀ ကျပ်ဖိုး ဟုကား တိတိကျကျ မတွေ့ရချေ။ သို့နှင့် ဒေါက်တာကလေမံဝီလျံထံ၌လည်း ငွေကြေး ဆုံးပါးသေးကြောင်းထင်ရှားပါသည်။ ယင်းအကြောင်းကို စစ်ကိုင်းသံဖိုစက်ရုံအကြောင်း ဖော်ပြရာ၌ ပိုမိုထင်လင်းစွာ တွေ့မြင်ရပါမည်။ အခြားကုမ္ပဏီများ၊ ကိုယ်စားလှယ်များနှင့် ဆက်သွယ်ရာ၌လည်း အလားတူ မရိုးဖြောင့်မှု၊ ကတိပျက်ကွက်မှုများကြောင့် ဆုံးရှုံးနစ်နာမှု၊ ယိုဖိတ်မှုများရှိကောင်း ရှိခဲ့ပေဦးမည်ဟု ထင်မြင်မှန်းဆရပါသည်။

စက်ရုံများ တည်ဆောက်စက စက်မှုလုပ်ငန်း အရပ်ရပ်များကို အိမ်ရှေ့စံ ကနောင်မင်း၊ မြို့တောင်ဝန်ကြီးနှင့် ဗန်းမော်အတွင်းဝန်တို့က ကြီးကြပ်အုပ်ချုပ် လုပ်ဆောင်ခဲ့ပါသည်။ စက်ရုံများဟု ဆိုသော်လည်း ကနောင်မင်းသားကြီး နတ်ရွာမစံမီ ၁၈၆၄ ခုနှစ်က အမြောက်သေနတ်များ လုပ်ဆောင်ရာ လက်နက်စက်ရုံသာလျှင် ရှိသေးသည်ဟု ထင်မြင်ရပါသည်။ ထိုစဉ်က ယင်းလက်နက်စက်ရုံ၌ လုပ်ငန်း အရပ်ရပ်ကို မြို့တောင်ဝန်ကြီး၊ ဗန်းမော် အတွင်းဝန်နှင့် သားတော် မင်းသားကြီး သုံးလေးဦးတို့က အစဉ်မပြတ် ကြီးကြပ်ကွပ်ကဲ လုပ်ဆောင်ရလေသည်။ အိမ်ရှေ့မင်း ကိုယ်တိုင်လည်း မကြာခဏ ကြွရောက်ရှုစား ကွပ်ကဲစီမံလုပ်ဆောင်ခဲ့ကြောင်း [32] သိရပါသည်။ သကရာဇ် ၁၂၂၆ ခု၊ ဒုတိယ ဝါဆိုလပြည့်ကျော် ၇ ရက် (၂ ဩဂုတ်လ ၁၈၆၆)၊ ကြာသပတေးနေ့ မြင်ကွန်း မြင်းခုန်တိုင် မင်းသားတို့ ထကြွမှုတွင် အိမ်ရှေ့မင်း နတ်ရွာစံခဲ့သည်။ [33] အိမ်ရှေ့မင်း မရှိသည့်နောက် သကရာဇ် ၁၂၃၄ ခု (ခရစ် ၁၈၇၂) သို့ ရောက်သောအခါ စက်ရုံငါးဆယ်ကျော်တွင် ပြုလုပ်ဆောင်စေသည့် လူများနှင့် အလုပ်ဝန်၊ ပညာဝန်တို့ကို လစဉ်လစာငွေပေးရန် အလုပ်တော်နှင့် စပ်သမျှ ဆင့်ဆိုရန် ရှိသည်များနှင့် အလုပ်ရုံတော် ဌာနပါ အမှုးအကြီး၊ ဝန်ကြီး၊ အတွင်းဝန်၊ ဝန်ထောက်၊ စာရေးကြီး၊ သံတော်ဆင့်တို့အပေါ် အုပ်ချုပ်စေရန် သားတော် မက္ခရာမင်းသား သီရိမဟာ သုဓမ္မရာဇာကို လွှဲအပ်ထားလေသည်။ [34]

ယင်းကဲ့သို့ စက်ရုံများဆိုင်ရာ လုပ်ငန်းများကို ကွပ်ကဲ အုပ်ချုပ်ရသည့်အတွက် သားတော် မက္ခရာ မင်းသားကြီးကို နောက်လိုက်လက်နက်ကိုင် . အမှုထမ်းတရာ ပေးအပ် ချီးမြှင့်လေသည်။ [၃၅] မက္ခရာ မင်းသားကြီးသည် ထက်မြက်ပြတ်သား တိကျသည့် မင်းသားဖြစ်၍ မိမိတာဝန်ကျရာ စက်ရုံများ အုပ်ချုပ်ရေးကို စေ့စပ်သေချာ ပိုင်နိုင်စွာ ကွပ်ကဲ လုပ်ဆောင်ကြောင်း၊ နိုင်ငံခြားသားများနှင့် ဆက်သွယ်ပေးကမ်း လုပ်ဆောင်သမျှ ငွေရေးကြေးရေး စသည်တို့ကိုလည်း ချုပ်ကိုင်စည်းကြပ် ထိန်းသိမ်းခဲ့ကြောင်း [၃၆] တွေ့ရပါသည်။ သို့သော် ၁၈၇၃ ခုနှစ်ဦးတွင် ခမည်းတော် မင်းတုန်းမင်းက ကျေနပ်ဘော် မမူသည်နှင့် ယင်းရာထူးတာဝန်များပြန်လည်ရုပ်သိမ်း ခံရသည် [၃၇] ဟုဆိုပါသည်။ ထိုနောက် သီပေါမင်း လက်ထက် သက္ကရာဇ် ၁၂၄၀ ခု၊ တန်ဆောင်မုန်းလ (နိုဝင်ဘာ ၁၈၇၈)အတွင်း တိုင်းရေးပြည်မှု ရှိသည်များကို ၁၄ ဌာန ခွဲဝေပိုင်းခြား၍ တဌာနလျှင် အကြီးအချုပ် တယောက်စီ ကြီးမှူးကြပ်မ အုပ်ချုပ်စေရာ၌ အမှတ် ၁၄—

စုဒ္ဒသမဝေပုံပါ- သေနတ် အမြောက်လုပ် စက်ကရိယာမှစ၍ လက်နက် စက်ရုံ အလုပ်မှု၊ သံဖိုကြီး၊ ဒင်္ဂါးတိုက်၊ ရက်ကန်း စက်ရုံမှစ၍ အရပ်ရပ် စက်ရုံအလုပ်မှု၊ ပန်းပဲ လက်သမား၊ ပွတ်ခုံ၊ တံစည်းတိုက်မှစ၍ စက်ရုံ အလုပ်သည် ပညာသည်တို့ကို ဆင့်ဆိုရန် အမှုများကို ဝန်ထောက်ရန်အောင်မြင်မှူးစား- မင်းကြီး မဟာ မင်းခေါင်ကို အကြီးအချုပ် ပြုလုပ်စေသည် [၃၈] ဟုတွေ့ရပါသည်။

ယင်း စက်ရုံများကို ဦးစီး လုပ်ဆောင်နိုင်ရန် ရတနာပုံ ခေတ်အတွင်း မြန်မာနိုင်ငံမှ အိန္ဒိယ၊ အီတလီ၊ ပြင်သစ် နှင့် အင်္ဂလန်နိုင်ငံများသို့ ပညာတော်သင်များ စေလွှတ်ခဲ့ ပါသည်။ ယင်းပညာတော် သင်များကို အကြမ်း အားဖြင့် စာရင်းကောက်ရသော် ခရစ်နှစ် ၁၈၆၃ ခုနှစ်က ပြင်သစ်နိုင်ငံသို့ စေလွှတ်သော၊ မောင်ရွှေအိုး၊ မောင်မြူး၊ မောင်အောင်သူ။ [၃၉] . ထိုအချိန်က ပြင်သစ်နိုင်ငံမှ ပြန်လာသော ပြင်သစ်တွင် မောင်ကြီး မောင်ကလေး ခေါ် မောင်ထွန်းအောင်နှင့် မောင်ညွှန့်။ [၄၀] ၁၈၆၉ ခုနှစ်၊ ဇူလိုင်လက အင်္ဂလန် နိုင်ငံသို့ စေလွှတ်သော မောင်မြဲနှင့် မောင်တရုပ်ဖြူ။ [၄၁] ၁၈၆၉ ခုနှစ်က အိန္ဒိယပြည်၊ ကာလကတ္တား မြို့သို့ စေလွှတ်သော မောင်ကြံသီး၊ မောင်သန်း၊ မောင်ရွှေရိုး၊ မောင်သာဘူး၊ မောင်ရှင်း၊ မောင်သာကံ၊ မောင်ဘိုးကောင်း၊ မောင်ညိုရောင်၊ မောင်ဆောင်း၊ မောင်ညို၊ မောင်ကံရေး၊ မောင်ရွှေကြွင်း၊ မောင်လူလု၊ မောင်ရာန္နန်း၊ မောင်ခွေး၊ မောင်မို၊ မောင်သောင်း၊ မောင်ပန်းဇာ၊ မောင်လူသာနှင့် မောင်ကြာ။ [၄၂] ၁၈၇၂ ခုနှစ်က အီတလီသို့ စေလွှတ်သူ ပညာတော်သင် မောင်သာထား၊ ပန်းပဲခေါင်း မောင်ခက်၊ လဘက်ရည်တော် မောင်ဘိုးခြုံ၊ မောင်စီ [၄၃] စေလွှတ်သည့် ခုနှစ် သက္ကရာဇ် အတိအကျ မသိရ ပြင်သစ်နိုင်ငံရှိ ပညာသင် မောင်ထွန်းလင်းနှင့် မောင်အင်း။ အီတာလျံနိုင်ငံ၊ တူရင်းမြို့ရှိ မောင်အုန်းပွင့်၊ မောင်ဘအို၊ မောင်ကံထူး၊ မောင်ထွန်းဦးနှင့် ဗင်္ဂလားမြို့ရှိ မောင်ကလေး။[၄၄] ၁၈၇၄ ခုနှစ်က ဗင်္ဂလားသို့ ပညာသင် စေလွှတ်သော လူပြန်တော် မောင်ဘိုးအစ် ကြီးကြပ်ခေါင်းဆောင်သည့် မောင်ဘိုးစော၊ မောင်ထွန်းလင်း၊ မောင်ဘိုးထင်၊ မောင်ညို၊ မောင်ဖြူ၊ မောင်အင်း [၄၅] တို့နှင့် ၁၈၇၆ ခုနှစ်က ဗြဲတိုက် သံဆင့် နေမျိုးသိဒ္ဓိကျော်စွာ ကြီးကြပ်၍ အီတလီနိုင်ငံသို့ ပို့သော ပညာသင် လူငယ် ၅ ယောက် [၄၆] တို့ဖြစ်ကြပါသည်။ ဤစာရင်းမှာ ပြည့်စုံသည်ဟု မဆိုနိုင်ပါ။ မြန်မာ အထောက် အထား၊ အင်္ဂလိပ် အထောက်အထား စာတန်းမှတ်တန်းများမှ ရှာဖွေတွေ့ရှိသမျှသာဖြစ်ပါသည်။[၄၇]

ဤပညာတော်သင် များအနက် ၁၈၆၉ ခုနှစ်က အင်္ဂလန်နိုင်ငံသို့ စေလွှတ်သည့် မောင်မြဲနှင့် မောင်တရုပ်ဖြူတို့သည် **ဝူးလ်ဝီချ်လက်နက်တိုက်** ၌ ယမ်း၊ သေနတ်၊ တူဆံ လုပ်ကိုင်နည်းပညာများကို သင်ကြားကြရသည်။ [၄၈] ထိုနောက် ၁၈၇၀ ခုနှစ်တွင် ပြင်သစ်ပြည်ရှိ ပညာတော်သင် မောင်မြူးလည်း အင်္ဂလန်နိုင်ငံသို့ ကူးသွား၍ မောင်မြဲ၊ မောင်တရုပ်ဖြူ တို့နှင့်အတူ သေနတ်လက်နက် ခဲယမ်းမီးကျောက် လုပ်ကိုင်နည်း ပညာများကို ဆည်းပူးပါသည်။ [၄၉] ဤပညာသင် သုံးဦးမှာ အင်္ဂလန်တွင် ၄ နှစ်ခန့် ပညာဆည်းပူးလျက် ၁၂၃၆ ခု (ခရစ် ၁၈၇၄) တွင် မြန်မာပြည်သို့ ပြန်လည် ဆိုက်ရောက်ကြသည် [၅၀] ဟုထင်မြင်ရပါသည်။ ယင်းသုံးဦးတို့တွင် မောင်မြူးသည် ထက်မြက်သူတဦးဖြစ်ဟန်တူသည်။ "မဲနယ် ချက်လုပ်နည်းကို အစအဆုံးတိုင် တတ်မြောက်ခဲ့သည့်ပြင် ကင်မစ္ထြီ ကျမ်းထွက် ဓါတ်ရေအမျိုးမျိုးချက်လုပ်နည်း" များကိုလည်းသင်ကြား တတ်မြောက်ခဲ့သည်ဟု သိရပါသည်။ [၅၀] ပြင်သစ်၌ ပညာဆည်းပူးနေစဉ် ပြင်သစ်၌ကျင်းပသည့် ပြပွဲပြိုင်ပွဲ "အက္ကရုပိစိရှုံသို့ အပါးတော်ရှိ အမတ်တို့ကို အရပ်ရပ် ဆန်းကြယ်သော ပစ္စည်းများနှင့် စေလွှတ်တော်မူရန်သင့်ကြောင်း" ကို ကုန်စရိတ် စာရင်းနှင့်တကွ ၁၂၂၈ ခု၊ သီတင်းကျွတ်လဆန်း ၅ ရက်နေ့ (၁၃ အောက်တိုဘာ ၁၈၆၆) အိမ်ရှေ့မင်းထံ သံတော်ဦးတင်စာ ပေးပို့ဆက်သူဖြစ်လေသည်။ [၅၁] မြန်မာပြည်သို့ ပြန်လည် ဆိုက်ရောက်ပြီးနောက် မောင်မြူးသည် သံချက်ဝန်ထောက်မင်းကြီး မင်းလှမဟာစည်သူ [၅၂] ဘွဲ့နှင့် ထင်ရှားခဲ့ပါသည်။ အထက်ဖော်ပြပါပညာသင်တို့အနက်မှမည်သူမည်ဝါ ဖြစ်မည်ဟု တိတိကျကျ မပြောနိုင်သော်လည်း လူငယ်အချို့မှာ ၁၂၃၀ ခု (ခရစ် ၁၈၆၈) နှစ်အတွင်းက ဗင်္ဂလားမြို့တွင် မဲနယ်ချက် အတတ်ပညာကိုသင်ကြားစေလျက်ရှိကြောင်း[၅၃] လည်းသိရပါသည်။ ၁၈၆၉ ခုနှစ်ကအိန္ဒိယသို့ စေလွှတ်လိုက်သူ မောင်ကြံသီး၊ မောင်သန်း၊ မောင်ရွှေရိုး၊ မောင်သာဘူး၊ မောင်ရှင်း၊ မောင်သာကံ၊ မောင်ဘိုးကောင်း၊ မောင်ညိုရောင်၊ မောင်ဆောင်း၊ မောင်ညို၊ မောင်ကံရေး၊ မောင်ရွှေကြွင်း၊ မောင်လူလု၊ မောင်ရာန္နန်း၊ မောင်ခွေး၊ မောင်မို၊ မောင်သောင်း၊ မောင်ပန်းဇာ၊ မောင်လူသာနှင့် မောင်ကြာ၊ လူငယ် ၂၀ တို့ကို ကော့စီပူရ်သေနတ်လုပ်စက်ရုံနှင့် ဖို့ဒ်ဝီလျံ လက်နက်တိုက်တို့တွင် သေနတ် အမြောက်မှစ၍ လက်နက်ကရိယာနှင့် စပ်ဆိုင်သည့် အလုပ်များ သင်ကြားစေခဲ့ပါသည်။ ၁၈၆၉ ခုနှစ်မှ ၁၈၇၂ ခုနှစ်

ထိ ပညာဆည်းပူး ခဲ့ကြသည်။ [၅၅] ၁၈၇၄ ခုနှစ်က ဗင်္ဂလားသို့ စေလွှတ်သည့် မောင်ဘိုးစော၊ မောင်ထွန်းလင်း၊ မောင်ဘိုးထင်၊ မောင်ညို၊ မောင်ဖြူ၊ မောင်အင် တို့လည်း စံဇေဘီရကျောင်း၌ အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကားများ ရေးတတ် ဖတ်တတ် ပြောတတ်အောင် သင်ကြားပြီးနောက် စက်မှုကျောင်း၌ စက်မှု အတတ်ပညာ၊ စစ်နှင့်ဆိုင်ရာ အတတ်ပညာ၊ တရားဓမ္မသတ် ဥပဒေပညာ စသည်များကို ဆည်းပူး သင်ယူကြရသည် [၅၆] ဟု ဆိုပါသည်။ ကျန် ပညာတော်သင်များနှင့် ပတ်သက်၍မူ အထောက်အထား မတွေ့ရသည်နှင့် မည်သည့် ပညာရပ်များ သင်ယူရသည်၊ မည်မျှကြာသင်ယူသည် စသဖြင့် အတိအကျ မတင်ပြနိုင် ဖြစ်ပါသည်။ သို့သော် ရတနာပုံ စက်ရုံများကို ဦးစီးလုပ်ဆောင်နိုင်မည့် ပညာရပ်များကို ဆည်းပူး သင်ယူကြသည်ဟုပင် အကြမ်းအားဖြင့် မှတ်ယူရပါသည်။

ရတနာပုံ စက်ရုံများတွင် စက်များတပ်ဆင် ဆောက်လုပ်ရန်မှစ၍ အရပ်ရပ် အလုပ်အဆောင်များ အတွက် နိုင်ငံခြားသား စက်ဆရာများ၊ အတတ်ပညာရှင်များကို ခေါ်ယူ အသုံးပြုခဲ့ပါသည်။ အစပထမ၌ စက်ရုံများတွင် မြန်မာပြည်သို့ ရောက်ရှိနေပြီးသူ ဥရောပသားများထဲမှ စက်ကျွမ်းကျင် နားလည်သည်ဆိုသူတို့ကို စက်ဆရာအဖြစ် ခေါ်ယူ အမှုထမ်းစေခဲ့ဟန် တူသည်။ သို့နှင့် ၁၈၆၄ ခုနှစ်ကလက်နက်စက်ရုံတွင် ပြင်သစ်လူမျိုး **ကလာနက်** ဆိုသူက ဦးစီးခေါင်းဆောင် ပြုလုပ်ကာ ကြေးသွန်း အမြောက် လက်နက်များ သွန်းလုပ်ကြောင်း တွေ့ရပါသည်။ [၅၇] ထိုစဉ်က ဗြိတိသျှ မြန်မာနိုင်ငံခေါ် အောက်မြန်မာပြည် ရန်ကုန်မြို့ အစိုးရ သင်္ဘောကျင်းတွင် အမှုထမ်းခဲ့သူ အင်္ဂလိပ်လူမျိုး ဘဲရီကိုလည်း မြန်မာဘုရင် အစိုးရက စစ်ဘက်ဆိုင်ရာ အင်ဂျင်နီယာအဖြစ် ခန့်အပ် အမှုထမ်းစေလျက် ရှိခဲ့လေသည်။ [၅၈] ထိုနောက်မှ မြန်မာဘုရင် အစိုးရသည် တတ်ကျွမ်း နားလည်သည့် ပညာရှင်များ ခေါ်ယူရန် ဗြိတိသျှ အစိုးရတို့မှ တဆင့် စီစဉ်သည်။ သို့နှင့် ၁၂၃၃ ခု၊ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့ (၂ ဇူလိုင် ၁၈၇၁)တွင် ပခန်းမင်းကြီးက အင်္ဂလိပ် အရေးပိုင်ထံသို့—

> သင်္ဘော အလုပ်အဆောင်နှင့် ဆိုင်သမျှ စက်ကရိယာ အလုပ်အဆောင်များ တတ်ကျွမ်း သင်ကြားနိုင်မည့် ဆရာကြီးတယောက်အလိုရှိကြောင်း။ ၎င်းကိုရွှေမြို့တော်ရောက် ခေါ်လျှင် စရိတ်မည်မျှကုန်မည်၊ လခမည်မျှ ပေးရမည်ကို မေးမြန်း၍ စာပြန်မည့်အကြောင်း [၅၉]

နှင့် စာပေးကမ်း ဆက်သွယ်ခဲ့ပါသည်။ သို့သော် ဗြိတိသျှ အစိုးရသည် ယင်းကိစ္စနှင့် ပတ်သက်၍ အကူအညီ မပေးခဲ့ချေ။ [၆၀] ဤတွင် မြန်မာဘုရင် အစိုးရသည် စက်ရုံများအတွက် တတ်ကျွမ်း နားလည်သူ အင်ဂျင်နီယာများကို နိုင်ငံခြားသား ကုမ္ပဏီများ၊ ကုန်သည်ကြီးများနှင့် ကန်ထရိုက် ပြုလုပ်လျက် စီစဉ်ခေါ်ယူခဲ့ရပြန်သည်။ [၆၁] ယင်းသို့ ခေါ်ယူသည့် စက်ဆရာများ၊ အင်ဂျင်နီယာများကို လစာငွေ တလလျှင် ၄၀၀ ကျပ်မှ ၆၀၀ ကျပ်ထိ ပေးရသည့်ပြင် လာစရိတ် ပြန်စရိတ်များလည်း ထောက်ပံ့ရလေသည်။ သို့သော် ယင်းဥပရောပသား စက်မှု ပညာရှင်တို့တွင် စက်မှု အင်ဂျင်နီယာ **ဘိုဟေး**ကဲ့သို့ ထာဝစဉ် သောက်စား မူးယစ်နေသူ [၆၂]၊ ရက်ကန်းစက်ဆရာ **ကာခမ်း** ကဲ့သို့ မိမိလက်အောက် အလုပ်သမားများကို နှိပ်စက်ကလူပြုလျက် နောက်ဆုံးတွင် စိတ်ဖေါက်ပြန် ရူးသွပ်သွားသူ၊ သင်္ဘောစက်ဆရာ **နစ်ကိုလ်ဆင်**ကဲ့သို့ ဗြိတိသျှကိုယ်စားလှယ် အရေးပိုင်နှင့်လျှို့ဝှက်ဆက်သွယ်ကာ အလိုရှိသည့် သတင်းများ ပေးပို့နေသူ စသည်တို့ ပါဝင်ခဲ့ရာ မြန်မာဘုရင် အစိုးရသည် ယင်းစက်မှု ပညာရှင်များကို ခေါ်ယူအသုံးပြုရာ၌ ငွေကြေး ကုန်ကျသလောက် အကျိုးမဖြစ်ထွန်းခဲ့ဟု ယူဆဖွယ် ရှိပါသည်။ ဤအကြောင်းများကို စက်ရုံ အသီးသီး အကြောင်းတခုစီ ဖေါ်ပြသည့်အခါ ပိုမိုစေ့စုံစွာ သိမြင်ရမည် ဖြစ်ပါသည်။

ရတနာပုံ စက်ရုံအသီးသီးတွင် အကြီးအကြပ်မှစ၍ အလုပ်သမားကြီးငယ် ဦးရေမည်မျှရှိခဲ့သည်၊လစာကြေးငွေမည်မျှရရှိကြသည်ဟူ၍ စာရင်းတိကျ မသိရချေ။ စက်ရုံအသီးသီးရှိ စက်ဘက်ဌာန တတ်ကျွမ်းနားလည်သူ စက်ဆရာ ၅၇ ယောက် ရှိခဲ့သည်ဟူ၍၎င်း၊ သီပေါမင်းလက်ထက်—

> အမြောက် စက်ရုံ၊ သင်္ဘောစက်ရုံ၊ စက်အမျိုးမျိုးရုံ၊ ရက်ကန်းစက်ရုံ၊ တံဆိပ်စက်ရုံ၊ ရေစက်ရုံ၊ သကြားစက်ရုံ၊ ဂွမ်းကြိတ်စက်ရုံ၊ ဆန်ကြိတ်စက်ရုံ၊ မီးစက်ကိုင်၊ စစ်ကိုင်း သံဖိုတော်၊ ပန်းပဲအမှုထမ်း၊ လျှပ်စစ်ခဲ မီးစက်ရုံ [၆၃]

အဝင်အပါ အရပ်ရပ် အလုပ်ဌာနဦးရေ ၇၂ တွင် အစောင့်အရှောက်ပါ စုသေး အမှုထမ်းလူ ၁,၅၁၄ ယောက် ရှိခဲ့သည်ဟူ၍၎င်း သာမန်အားဖြင့်သာ သိရပါသည်။ ယင်းအမှုထမ်း ၁,၅၁၄ ယောက်တို့၏ တနှစ်သင့်လစာငွေမှာ ၂၅၉,၀၀၀ ကျပ်ဖြစ်သည်။ သို့သော် ယင်းလစာငွေအစား ဈေးအစဉ်အလာအတိုင်း စပါး တရာလျှင် ငွေ ၈၀ ကျပ်နှုန်းနှင့် စပါး ၃၂၃,၇၆၀ တင်းချီးမြှင့်ခံရသည် [၆၄] ဟု ဆိုပါသည်။စက်ရုံအသီးသီးရှိ စက်ဘက်ဌာန တတ်ကျွမ်းနားလည်သူ အမှုထမ်း ၅၇ ယောက်တို့မှာမူ တလလျှင် စပါး ၁,၄၄၂ တင်း ရရှိကြကြောင်း တွေ့ရပါသည်။ [၆၅] အကြမ်းအားဖြင့် ပျမ်းမျှသော် စက်ရုံအမှုထမ်းတဦးလျှင် တလစပါး ၁၀ တင်းမှ ၂၅ တင်းခန့် လစာအဖြစ် ရရှိကြဟန်တူသည်ဟု မှန်းဆရပါသည်။

ရတနာပုံ စက်ရုံများအနက် အထောက်အထား ခိုင်လုံစွာ တွေ့ရသည့် အမြောက်သေနတ်စက်ရုံ၊ ရက်ကန်းစက်ရုံ၊ သင်္ဘောစက်ရုံ၊ လှစက်ရုံ၊ သံစက်ရုံ၊ သကြားစက်ရုံ၊ ဒင်္ဂါးစက်ရုံ၊ မဲနယ်စက်ရုံ၊ စစ်ကိုင်းသံဖိုရုံ၊ ဤစက်ရုံ ၉ ရုံ အကြောင်းကို တရုံစီ အသေးစိတ်သိရသမျှတင်ပြပါမည်။

အမြောက်သေနတ်စက်ရုံ

ရတနာပုံ နေပြည်တော်တွင် အမြောက် သေနတ်လုပ်စက်ရုံ လေးရုံ ရှိခဲ့လေသည်။ ယင်းတို့အနက် ၂ ရုံမှာ နန်းမြို့တွင်းမှာ တည်ရှိခဲ့သည်။ ကျန် ၂ ရုံမှာမူ မြို့မြောက်ပြင် အမရစံခေါင်ရပ်၊

ရွှေတချောင်း ကမ်းဂါး၌ တရုံ၊ မြို့အနောက်ပြင် သင်္ဂဇာချောင်းကမ်းပါးတွင် တရုံတည်ရှိခဲ့ပါသည်။[၆၆] **ရွှေနန်းသုံး ဝေါဟာရ အဘိဓါန်**တွင် မြောက်ပြင် အမရစံခေါင်ရပ်၌ အမြောက်လက်နက်သုပ် စက်ရုံနှင့် ယင်းနှင့်ကပ်လျက် သေနတ်လုပ် စက်ရုံတို့ ရှိကြသည် [၆၇] ဟုဖော်ပြထားရာ၊ လက်နက်စက်ရုံ ၂ ရုံသာရှိခဲ့သကဲ့သို့ ဖြစ်နေပေသည်။ စင်စစ် ရတနာပုံ ခေတ်က လက်နက် စက်ရုံ အသက်တွင် ဖော်ပြ သည့် အတိုင်း ၄ ရုံ ရှိခဲ့ပါသည်။ မြောက်ပြင် အမရစံခေါင်ရပ်ရှိ အမြောက် သေနတ် စက်ရုံကို အိမ်ရှေ့စံ ကနောင်မင်းသားကြီး ရှိစဉ်ကပင် တည်ထောင် ခဲ့သည်၊ သို့သော် မည်သည့်ခုနှစ်တွင် တည်ဆောက်သည် ဟူ၍ကား အတိအကျ မသိရချေ။ ထို့အတူ ကျန်လက်နက် စက်ရုံ ၃ ရုံတို့ တည်ဆောက်သည့် သကရစ် ကိုလည်း အတိအကျ မဖော်ပြနိုင် ဖြစ်ပါသည်။

မြောက်ပြင် အမရစံခေါင်ရပ်ရှိ အမြောက် သေနတ် စက်ရုံတွင် ရှိသည့် စက်အမျိုးမျိုး၊ ယင်းစက်တို့၏ လုပ်ရည် လုပ်အားနှင့် အလုပ်သမားတို့၏ အခြေအနေကို **ရွှေနန်းသုံး ဝေါဟာရ အဘိဓါန်**တွင် တွေ့ရသည့်အတိုင်း ပထမ ဖော်ပြပါမည်။

> အမြောက် လက်နက် လုပ်ဆောင်သည့် စက်ရုံတော်ကြီးအတွင်း မြေပုံ လုပ်သည့်ဌာန၊ ပွတ်စက်၊ ရွှေဘော်စက်၊ ဖေါက်စူးစက် အမျိုးမျိုး များနှင့် သံရည်ကျိုစက်၊ ဟန်ဘီး အကြီးအကျယ်နှင့် တကွ မီးအိုးကြီး နှိုက်မီး တံခါး တပ်ဆင်လျက် ပြည့်စုံစွာ ရှိသည်။ ယမ်းတောင့် ထိုးအမြောက် အမျိုးမျိုး၊ ရေမြှုပ်ဗုံး အမျိုးမျိုးကို ကောင်းမွန်စွာ လုပ်ဆောင်နိုင်သည် [၆၈]

ဟု ဆိုပါသည်။ ၎င်းအမြောက်စက်ရုံ အမှုထမ်း ၁၅၂ တို့မှာ ဘသလျှင် စပါးတင်း ၃,၄၇၀ ချီးမြှင့်ခံရသည် [၆၉] ဟုလည်း ဖော်ပြထားပါသည်။ ယင်းနှင့် ကပ်လျက် ရှိသည့် သေနတ်လုပ်စက်ရုံ၌လည်း—

> သေနတ်ပြောင်း အကြမ်းလုပ်ပြီး အထည်ကို ပြောင်းပေါက်ဖြစ်အောင် ထွင်းဖေါက်သည့် တွင် စက်ထားရာတိုက်ခန်း၊ ၎င်းဖေါက်ထွင်းပြီး ပြောင်းများကို ရိက်ဘတ်မြောင့်ဖြစ်အောင် ထပ်မံ ဖေါက်လုပ်သည့် တွင်စက်ထားရာ တိုက်ခန်း၊ ဖေါက်လုပ်ပြီး ပြောင်းကို အထူအပါး အကြီးအငယ် အလိုရှိရာ ဖြစ်အောင် သွေးသည့် စက်ထားရာ တိုက်ခန်း၊ ၎င်းပြောင်းဆုံ စက်ဝက်အူအိမ်မှစ၍ အရပ်ရပ် ကရိယာများကို လုပ်ဆောင်သည့် စက်ထားရာ တိုက်ခန်း၊ နောက်ပိတ်တော ကာဗါလီကွေး ထိုးတံမှစ၍ အရပ်ရပ် သေနတ်ကရိယာ အသေးအနုတ် အကြီးအငယ်များကိုဆိုင်ရာဆိုင်ရာ အသီးအသီးတမျိုးတမျိုး လုပ်ဆောင်ရန် စက်အများနှင့် လုပ်ဆောင်သည့် စက်ခန်း၊ ပကတိ သံတုံးကလုံးစုပ် ဖြစ်သည့် တိုင်အောင် အဆင့်ဆင့် လုပ်ဆောင်သည့် စက်အမျိုးမျိုး ထားရာ တိုက်ခန်း၊ လောင်းပြီး သေနတ်အိမ်တုံးကို အလိုရှိရာ တခဏချင်း ပြီးအောင် ရွှေသင့်ရာ ဖြတ်သင့်ရာ များတို့ ရွှေ ဖြတ်နိုင်သည့် လှစက်ထားရာ တိုက်ခန်း၊ ရွှေဖြတ်ပြီး သေနတ် အိမ်တုံးကို ဆုံစက်နှင့်တကွ ပြောင်းထားရန် မြောင်းထွင်းသည့်စက်၊ ၎င်းမြောင်းထွင်းပြီးကို ဝက်အူပေါက် မီးပြင်ရာ၊ တောကာထားရန် နောက်ပိတ် တပ်ရန်မှစ၍ အရပ်ရပ် လုပ်ဆောင်ရန်ရှိသည်များကို ခဏချင်း ပြီးအောင် လုပ်သည့် စက်အမျိုးမျိုး ထားရာ တိုက်ခန်း၊ ပြောင်းလုံးနှင့် သေနတ်အိမ် တွယ်စပ်ပြီးလျှင် သေနတ်အိမ်ကို အလိုရှိရာ ချောစေသည့် ပွတ်စက် အမျိုးမျိုး ထားရာတိုက်ခန်း၊ ကရိယာ များကို အပြည့်အစုံ ပေါင်းစု၍ သေနတ် ဖြစ်အောင် ဆင်လုပ်သည့် တိုက်ခန်း၊ ပြောင်းဆေး ဆိုးသည့်တိုက်ခန်း များ ပြည့်စုံစွာရှိသည် [၇၀]

ဟုဆိုပါသည်။ ယင်းသေနတ် စက်ရုံကား ၇ ရက်တပတ်လျှင် သေနတ် ၂,၀၀၀ ပြီးအောင် လုပ်ဆောင်နိုင်သည်။ သို့သော် သီပေါမင်းနန်းစံ ၇ နှစ်အတွင်း ဗထက်ခြိုက်ခေါ် နောက်ထိုး သေနတ် ၅၀၀ ကျော်မျှသာ လုပ်ဆောင်ပြီးစီးခဲ့သည်။ [၇၁] ၎င်းစက်ရုံစောင့် အမှုထမ်း ၁၀ တို့မှာ တလလျှင် စပါး ၁၀၅ တင်းလစာအဖြစ်ရရှိကြသည် [၇၂] ဟုလည်း တွေ့ရပါသည်။ အမြောက်သေနတ်လုပ်စက်ရုံတို့ရှိ စက်များ၊ ပစ္စည်းကရိယာများမှာ အင်္ဂလန်၊ ပြင်သစ်၊ အီတလီနှင့် ဆွီဇာလံလုပ်များ ဖြစ်ကြသည်။ **ဆွီဇာလံပြည်၊ ဝင်ထာသာရ်မြို့၊ ဂီဘရ်ဆူလ်ဇား ကုမ္ပဏီ၊ အီတလီပြည်၊ ဘရေးရှားမြို့မှ မဆီဗါအင်တရစ်ဆီး၊ တူရင်းမြို့မှ ဒက်ကာ၊ စိန့်လီယိုနာဒ်မှ ယန်းအင်ကိုး၊ ဂလပ်စဂိုမှဝမစ်၊ ကာလိုင်မြို့မှ ကာဝန့်ရှုယ်လီဒန်အင်ကိုး** [၇၃] စသည့် ထုတ်လုပ်ရောင်းချသူ အမည်များ တွေ့ရပါသည်။ စာရင်းကို နောက်ဆက်တွဲ (က)တွင် အပြည့်အစုံဖော်ပြထားပါသည်။

ယင်းလက်နက်စက်ရုံများတွင် ခေတ်မီအမြောက် သေနတ်ကြီးငယ်များကို ကောင်းစွာ ထုတ်လုပ်နိုင်စိမ့်သောငှါ ခေတ်မီနည်းနိသျများကို သင်ယူရန် မြန်မာလူငယ်အချို့ကို နိုင်ငံခြားသို့ စေလွှတ်ခဲ့ကြောင်း အထက်တွင် ဖော်ပြခဲ့ပေပြီ။ ၁၈၆၉ ခုမှ ၁၈၇၄ ခုနှစ်အထိ အင်္ဂလန်ပြည်၊ ဝူးလ်ဝိချ်လက်နက်တိုက်၌ အမြောက်သေနတ်စသည် လက်နက် ခဲယမ်းများ ပြုလုပ်နည်းအတတ်ပညာကိုသင်အံလေ့ကျက်ခဲ့ရသူ မောင်မြဲ၊ မောင်တရုပ်ဖြူနှင့် မောင်မှူးတို့သည်၎င်း၊ ၁၈၆၉ ခုနှစ်မှ ၁၈၇၂ ခုနှစ်အထိ အိန္ဒိယပြည်၊ ဖို့ဒ်ဝီလျံနှင့် ကော့စီပူရ် သေနတ်လုပ်စက်ရုံတွင် ပညာဆည်းပူးခဲ့သူမောင်ကြံသီး၊ မောင်သန်းစသည့်လူငယ် ၂၀ တို့သည်၎င်း ဤရတနာပုံ လက်နက်စက်ရုံများကို ဦးစီးလုပ်ဆောင်လျက်အမြောက်သေနတ်လက်နက်ကြီးငယ်များထုတ်လုပ်ခဲ့ကြပေမည်ဟုယူဆဖွယ်ရှိပါသည်။ ယင်းမြန်မာလူငယ်များ နိုင်ငံခြားမှရရှိလာခဲ့သည့်ပညာမှာ ပြည့်စုံလုံလောက်သည် မဟုတ်စေကာမူအချည်းနှီးဟုကားမဆိုနိုင်ချေ။ ဖို့ဒ်ဝီလျံနှင့် ကော့စီပူရ်ပညာတော်သင်လူငယ် ၂၀ အနက်အချို့မှာ ပုံဆွဲပညာ၊ လက်သမားပညာ၊

သွန်းပုံပြုလုပ်ခြင်းပညာ၊သံနှင့်ကြေးကိုအရည်ကျိုခြင်း၊ သွန်းခြင်း ပုံသွင်းခြင်းအတတ်တို့ကိုလက်တွေ့သင်ကြား တတ်မြောက်ခဲ့ကြ၍ အချို့က ပန်းပဲပညာနှင့် စက်ကရိယာများ တပ်ဆင်ခြင်းပညာ တို့ကိုတတ်မြောက်ခဲ့ကြသည်။ [၃၄] လူငယ် ၅ ယောက်တို့မှာ မူ အင်ဖီးလ် ရိုင်ဖယ် [၃၅] မောင်းခလုတ်ကို အပြီးတိုင်လုပ်တတ် ကြ၍ ထို မောင်း ခလုပ်နှင့်ဆိုင်သည့် အစိတ် အပိုင်းများကိုပုံ ထုလုပ်နိုင် တိုက်နိုင် ဖြတ်နိုင်ရွေနိုင်တပ်ဆင်နိုင်ကြသည့်ပြင် သတ္တု ကိုမာအောင်ဆေးကြောခြင်း၊ ပြောင်းနှင့် သေနတ်အိမ်တွယ်ကပ် တပ်ဆင်ခြင်း၊ ဝက်အူစုတ်ခြင်း၊ အချောကိုင်ခြင်း၊ ပွတ်ခြင်းတို့ကို လည်း တတ်မြောက်ခဲ့ကြပါသည်။ [၃၆] အတိုချုပ်အားဖြင့်သော် ယင်းလူငယ် ၅ ယောက်မှာ အင်ဖီးလ် ရိုင်ဖယ်ဖြစ်အောင် လုပ်ဆောင်နိုင်သည့်အတတ်ပညာရှင်များ ဖြစ်လာခဲ့သည်ဟု ဆိုရ ပေမည်။ ထို့အတူ အင်္ဂလန်နိုင်ငံ ဝူးလ်ဝိချ်လက်နက် စက်ရုံ၌ ပညာဆည်းပူးခဲ့သူ မောင်မြဲ၊ မောင်တရုပ်ဖြူနှင့် မောင်မြူး တို့လည်း ယမ်း၊ သေနတ်၊ တူဆံစသည်တို့ လုပ်ကိုင်နည်းပညာ များကို တတ်မြောက်ခဲ့ကြလေသည် ဟု မှန်းဆရပါသည်။ ဤမြန်မာလူငယ်တို့အပြင် နိုင်ငံခြားသားအတတ်ပညာရှင်များကို လည်း လက်နက်စက်ရုံများတွင် အသုံးပြုကာ အမြောက်သေနတ် လက်နက်များ လုပ်ဆောင်ခဲ့ကြသည်။ ထို့ပြင်ရတနာပုံ လက်နက် စက်ရုံများသည် ထိုခေတ်က အနောက်နိုင်ငံများ အသုံးသဖြင့် ဗြိတိန် နိုင်ငံတွင် တီထွင်လုပ်ဆောင် ပေါ်ထွန်းခဲ့သည့် ခေတ်မီ သေနတ်အသစ်များ အကြောင်းကို ကြားကြားသိကြလျက်ယင်း သေနတ်မျိုးစမ်းသပ်လုပ်ကိုင်ကြကြောင်းလည်း တွေ့ရပါသည်။ အတိအကျဖော်ပြရသော် မြန်မာဘုရင်အစိုးရသည် အင်္ဂလန် နိုင်ငံတွင် ၁၈၆၈ ခုနှစ်တွင်မှ ထုတ်လုပ် အသုံးပြုသည့် ဆနိုက်ဒါ ရိုင်ဖယ် [၃၇] များကို ၁၈၇၁ ခုနှစ်တွင် ကြားသိကြပြီးဖြစ်လျက် ယင်းရိုင်ဖယ်များနှင့် ယမ်းတောင့်လုပ်စက်ကရိယာအစုံ ၁၀၀ ကို ဝယ်ယူရန် စိုင်းပြင်းကြိုးပမ်းလျက်ရှိကြပြီ ဖြစ်လေသည်။ [၃၈] ထို့အတူ ၁၈၆၂ ခုနှစ်တွင်မှ အမေရိကတွင် စမ်းသပ်အောင်မြင်၍ ၁၈၇၀ ခန့်တွင် အင်္ဂလန်နိုင်ငံ၌လုပ်ဆောင်သည့်ဂက်တလင် [၃၉] ခေါ်စက်သေနတ်မျိုးကို မြန်မာ့လက်နက်စက်ရုံများက ၁၈၇၁ ခုနှစ်တွင်ပင် စမ်းသပ်လျက်ရှိခဲ့ကြပြီ ဖြစ်ပါသည်။ [၄၀]

ယင်းကဲ့သို့ တိုင်းရင်းသား အတတ်ပညာရှင် နိုင်ငံခြားသား အတတ်ပညာရှင်တို့ဖြင့် လုပ်ဆောင်ခဲ့သည့် ရတနာပုံ လက်နက် စက်ရုံ ၄ ရုံ၏ လုပ်ရည်လုပ်အားနှင့် ယင်းစက်ရုံထွက် အမြောက် သေနတ် လက်နက်များ၏ အရည်အသွေးကို နေပြည်တော်ရှိ ဗြိတိသျှ အစိုးရကိုယ်စားလှယ် အရေးပိုင်၏ နေ့စဉ်မှတ်တမ်း များ၊ လျှို့ဝှက် အစီရင်ခံစာများတွင် တွေ့ရသည့်အတိုင်း ဆက် လက်တင်ပြပါမည်။ အိမ်ရှေ့စံ ကနောင်မင်း ကြီးကြပ်ဦးစီးသည့် အမြောက်သေနတ်သုပ်စက်ရုံမှာ ၁၈၆၂ ခုနှစ်ကလုပ်ငန်းအတော် တွင်လျက်ရှိနေပြီဖြစ်ပါသည်။ ၁၈၆၂——၆၄ ခုနှစ်များအတွင်း ယင်းစက်ရုံတွင် သေနတ်ဟောင်းများကို ပြင်ဆင်ခြင်း၊ သေနတ် သစ်များပြုလုပ်ခြင်း၊ အမြောက်ဟောင်းများကို ပြန်လည်ပြောင်း တွင်းခြင်း၊ အမြောက်ဆံ၊ ကျည်ဆံများ သွန်းလုပ်ခြင်းတို့ကို ပြုလုပ်လျက်ရှိခဲ့သည်။ [၄၁] ယင်းလုပ်ငန်းများကို လုပ်ရည်ကိုင် ရည်ပြည့်ဝသည့်ပြင်သစ် စက်ဆရာ ကသာနက်ဆိုသူက ညွှန်ကြား ပြသလုပ်ဆောင်သည်။ [၄၂] စက်ရုံတွင်းအလုပ်ကြမ်းများကိုမူ ရာဇဝတ်သားများ၊ အကျဉ်းသားများကို ခေါ်ယူလုပ်ဆောင်စေ ခဲ့သည်။ [၄၃] ထိုစဉ်က မြတောင်မင်းကြီး၊ ဗန်းမော်အတွင်းဝန်နှင့် ဘုရင့်သားတော်ကြီး သုံးလေးပါးတို့မှာ ယင်းလက်နက်စက်ရုံ သို့အမြဲတန်းဆင်း၍ လုပ်ငန်းများကို ကြီးကြပ် ကွပ်ကဲရသည်။ ကနောင်မင်း ကိုယ်တိုင်လည်း မကြာခဏကြွရောက်ရှုစားခဲ့လေ သည်။ [၄၄] ၁၈၇၀ ခုနှစ်သို့ရောက်သောအခါ လက်နက်စက်ရုံ ၄ ရုံရှိနေပေပြီဟု ခန့်မှန်းရပါသည်။ မြန်မာဘုရင်အစိုးရသည် ၁၈၆၇ ခုမှ ၁၈၇၁ ခုနှစ်အတွင်း အင်ဖီးလ်ရိုင်ဖယ်များ၊ ဆနိုက်ဒါ ရိုင်ဖယ်များ၊ ယမ်းတောင့်ထိုးကျည်မွေ့ အမြောက်များနှင့် ယမ်း တောင့်လုပ် စက်ကရိယာများ ဝယ်ယူရန် ကြိုးပမ်းခဲ့သည်။ သို့သော် ဗြိတိသျှ အစိုးရတို့က မြန်မာဘုရင် အစိုးရသို့ ခေတ်မီ လက်နက်များရောင်းချခြင်းကို ပြင်းပြင်းထန်ထန် ပိတ်ပင်ခဲ့သည်။ ယမ်းတောင့်ထိုး ကျည်မွေ့အမြောက် ၂ လက်မျှရောင်းရန်ကို ပင်ငြင်းပယ်ခဲ့ပါသည်။ [၄၅] ဤငြင်းပယ်ချက်များပင်လျှင် မြန်မာ ဘုရင်အစိုးရကို လက်နက်စက်ရုံများ တည်ထောင်စေရန် စေ့ ဆော်ဖန်တီးခဲ့သည်ဟု ဗြိတိသျှ အစိုးရကိုယ်စားလှယ် အရေးပိုင် က ၁၈၇၁ ခုနှစ်ဦးတွင် ဆိုင်ရာသို့ အစီရင်ခံခဲ့ကြောင်း တွေ့ရ ပါသည်။ [၄၆] ဤ အစီရင်ခံစာကိုမည်သို့မျှမဝေဖန်လိုပါ။ ၁၈၇၁ ခုနှစ်တွင် ရတနာပုံ နေပြည်၌ လက်နက်စက်ရုံ ၄ ရုံတည် ဆောက်ပြီးဖြစ်လျက် ခေတ်မီအမြောက်သေနတ်များ ကောင်းစွာ ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်းကို တင်ပြလိုရင်းသာ ဖြစ်ပါသည်။ သကရာဇ် ၁၂၃၂ ခု၊ ပြာသို၊ တပို့တွဲ (ဇန္နဝါရီ ၁၈၇၁) လများ အတွင်း နန်းမြို့တွင်းရှိ အမြောက်စက်ရုံမှ အလွန်ကောင်းမွန် သေသပ်သည့် ယမ်းတောင့်ထိုးကျည်မွေ့ အမြောက်ငယ် [၄၇] ၂ လက်ကို ပထမဆုံးအကြိမ် လုပ်ဆောင် အောင်မြင်ခဲ့လေ သည်။ [၄၈] ယင်းအမြောက်ငယ်မှာ ၁၈ ပေါင်အမြောက်ဆံကို ပစ်ခတ်နိုင်သည်။ ပြောင်းဝအနည်းငယ်ကျယ်သည်မှအပ အပြစ် အနာ အဆာ ပြောစရာ မရှိချေ။[၄၉] လပေါင်း အတန်ကြာမနေ မနားအကြိမ်ကြိမ် ကြိုးပမ်းလုပ်ဆောင်ခဲ့ရပြီးနောက် ပထမဆုံး အောင်မြင်ချက်ဖြစ်သဖြင့် ယင်းအမြောက်ငယ်များကို မြန်မာ့ ထုံးတမ်း စဉ်လာအတိုင်းပန်းမာလ်အမွှေးနံ့သာများနှင့်ပက်ဖျန်း ၍အောင်လံတံခွန်များတလူလူလွင့်ထူကာ ပန်းပေါက်ပေါက်ကျဲ လျက်ပွဲပေးခဲ့လေသည်။ ယင်းအမြောက်ငယ်များကို လုပ်ဆောင် သူအတတ်ပညာရှင်များကိုလည်း ဆုလာဘ်များစွာ ချီးမြှင့်ခဲ့လေ သည်။ ထိုစဉ်က အမြောက်လုပ်စက်ရုံတွင် ဂျာမန် အမျိုးသား ပညာရှင် ၂ ဦးနှင့် ဖိုဒိဝိလျ လက်နက်တိုက်မှ အမှုထမ်းဟောင်း ဖိုမင်တဦးတို့ အမှုထမ်းလျက် ရှိကြလေသည်။ ယင်းစက်ရုံတွင် ထိုစဉ်ကနောက်ထိုးရိုင်ဖယ်များနှင့် နောက်ထိုးအမြောက်ကြီးဘ ာ့ကိုလည်း စမ်းသပ်လုပ်ဆောင်ဆဲ ဖြစ်လေသည်။ [၅၀] ထို့ပြင် မြန်မာဘုရင် အစိုးရသည် ထိုစဉ်က **အမ်ဂျီဂျုန်ဆင်** နှင့် **ဂျေဂျုံး**

ဆိုသူသတ္တုတူးဖော်ရေး အင်ဂျင်နီယာ ၂ ဦးကို လခကြေးငွေ အမြောက်အမြားပေးကာ ခေါ်ယူလျက် သတ္တုတူးဖော်စက်ကရိယာများအပြည့်အစုံဝယ်ယူကာအထက်မြန်မာပြည်တဝှန်းသံနှင့် ကျောက်မီးသွေးများကို တူးဖော်စေလျက်ရှိခဲ့ပါသည်။ [၉၁] သံရည်ကျိုစက်ကြီး တည်ဆောက်ရန်လည်း အဖိုးအမြောက်အမြားပေး၍ စက်ကရိယာများ ဝယ်ယူရန် စီမံ စိုင်းပြင်းနေပြီဖြစ်လေသည်။ [၉၂] သို့နှင့် မြန်မာဘုရင် အစိုးရသည် နိုင်ငံခြားသား အတတ်ပညာရှင်များ၏ အကူအညီဖြင့် ယင်းလက်နက်စက်ရုံများမှ အလိုရှိရာ အမြောက် သေနတ်လက်နက်များကို မထုတ်လုပ်နိုင်စရာအကြောင်းမမြင်ပါဟု ဗြိတိသျှအစိုးရကိုယ်စားလှယ်အရေးပိုင်က ၁၈၇၁ ခု၊ ဖေဖော်ဝါရီလ အတွင်း အစီရင်ခံခဲ့ပါသည်။ [၉၃] အမြောက်စက်ရုံ၏ လုပ်ရည်လုပ်အားကား ဆက်လက် ကောင်းမွန်တိုးတက် လာခဲ့သည်။ ၁၈၇၁ ခု၊ မတ်လသို့ရောက်သော အခါ မြန်မာတို့သည် နောက်ထိုး ကျည်မွေ့အမြောက် [၉၄] တခုကို စက်ရုံအတွင်း သွန်းလုပ်အောင်မြင်ကြလေသည်။ [၉၅] ယင်းအမြောက်ကို ကြေးဖြင့် သွန်းလုပ်၍ လက်စလက်နကောင်းမွန် သေသပ်သည့်အပြင် ၂ ချက်ပေါက် ၁၂ ချက်ထွက် နောက်ထိုး အမြောက်ဖြစ်လေသည်။ စမ်းသပ်ပစ်ဖောက်ရာ အရပ်ရပ်ကျေနပ်ဖွယ်ရာ အောင်မြင်ခဲ့သည်။ မြန်မာဘုရင်အစိုးရသည် အလွန်နှစ်ထောင်းအားရရှိသည်နှင့် ဦးစီးလုပ်ဆောင်သူ မစ္စတာ ဂလပ်(စ်) အားဆုငွေ ၂၀၀ ကျပ်ချီးမြှင့်ခဲ့ပါသည်။ ယင်းလအတွင်းမှာပင် နောက်ထပ် အလားတူအမြောက် ၂ လက် ဆက်လက်ကြိုးပမ်း သွန်းလုပ်ကြပြန်လေသည်။ [၉၆] ယင်းသို့ လုပ်ဆောင်ကြဆဲ ၁၈၇၁ ခု၊ ဩဂုတ်လအတွင်း အမြောက်ဆရာ မစ္စတာ ဂလပ် (စ်) သည် မြန်မာဘုရင်အစိုးရ ချီးမြှင့်သည့် လစာကိုမကျေနပ်၍ အမှုထမ်းအဖြစ်မှ နုတ်ထွက်သွားသည်ဟုဆိုပါသည်။ [၉၇] သို့သော် အမြောက်လုပ်ငန်းကားနှောင့်နှေးရပ်ဆိုင်းသွားခြင်း မရှိခဲ့ချေ။ ၁၈၇၁ ခု၊ နိုဝင်ဘာလသို့ ရောက်သောအခါ အမြောက် စက်ရုံ အတွင်း အမြောက်ကြီးငယ်အများ တွင်ကျယ်စွာ လုပ်ဆောင်ရှိနေလျက် ကြေးနှင့် သံရောသွန်းသည့် စစ်ဆောင်အမြောက်ကြီး ၁၂ လက်မှာ ပြီးလုနီးရှိနေခဲ့လေသည်။ [၉၈] ထို့ပြင် ၁၈၇၁ ခုနှစ်၊မတ်လကပင် စမ်းသပ်လုပ်ဆောင်ကြည့်ရန် စီစဉ်လျာထားခဲ့သည့် ဂက်တလင်ခေါ် စက်သေနတ်မျိုးကို ၁၈၇၁ ခု၊ နိုဝင်ဘာလတွင် စတင်စမ်းသပ်လုပ်ဆောင်လျက်ရှိကြပြီ [၉၉] ဖြစ်ကြောင်း တွေ့ရပါသည်။

ရတနာပုံ နေပြည်တော်ရှိ ဗြိတိသျှ အစိုးရကိုယ်စားလှယ်အရေးပိုင်သည် လက်နက် စက်ရုံများကို မကြာခဏ သွားရောက်ကြည့်ရှုလျက် ယင်းစက်ရုံများထွက် အမြောက် သေနတ်တို့၏ အရည်အသွေးကို အမြဲတစေ ဆိုင်ရာသို့ သတင်းပေးပို့ အစီရင်ခံခဲ့လေသည်။ သို့နှင့် ၁၈၇၂ ခု၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် နန်းမြို့တော် ဥယျာဉ်အတွင်း မြန်မာတို့က ပြသ၍ ရှုမြင်ရသည့် နောက်ထိုး အမြောက်တလက်နှင့် နောက်ထိုးကျည်မွေ့ (ရိုင်ဖယ်) အမြောက် တလက်တို့ အကြောင်းကို များစွာချီးကျူး ရေးသားလျက် အစီရင်ခံခဲ့ကြောင်း တွေ့ရပါသည်။ ယင်းအစီရင်ခံစာ [၁၀၀] အရသော် နောက်ထိုးအမြောက်မှာ ကောင်းမွန် သေသပ်စွာသွန်းလုပ်ထားသည့် ကြေးအမြောက်ကြီး ဖြစ်လေသည်။ ရိုင်ဖယ်ရစ်များကို အမာခံ သတ္တုနှင့် ပြုလုပ်ထားလျက် မောင်းမှာလည်း အတင်အချ လွယ်ကူချောညက်၍ လုပ်ငန်းတတ်ကျွမ်းနားလည်မှု လုပ်ရည်ကိုင်ရည်ကို ပေါ်လွင် ထင်ရှားစွာ သိမြင်စေသည်။ အမြောက်ဆံမှာမူ ၁၀ ပေါင်ခန့်ရှိ၍ ပုံသဏ္ဌာန်အားဖြင့် ရှည်လျားလျား ဖြစ်ပြီးလျှင် ကြောင်လိမ်ရစ်များဖြင့် ပြုလုပ်ထားသည့်ပြင် ခရီးအဝေးသို့ ရောက်အောင် ပစ်နိုင်ကြောင်း သိရပါသည်။ ထို့ပြင် ယင်းအမြောက်ကို အချက် ၅၀ ထက်မနည်း ပစ်ဖောက် စမ်းသပ်ပြီးပြီဖြစ်၍ ကောင်းစွာ စိတ်ချရပြီဖြစ်ကြောင်း၊ လုပ်ရည်ကိုင်ရည် လက်စလက်နမှာ အံ့ဩလောက်အောင် ကောင်းမွန် ကျနသဖြင့် ယင်းအမြောက်ကို ပြုလုပ်သူမြန်မာလူငယ်ကို အထူး ချီးကျူးဖွယ်ကောင်းကြောင်း၊ လုပ်သား ၁၂၀ တို့သည် တလလျှင် ယင်းအမြောက်မျိုး ၄ လက်ကျ ထုတ်လုပ်နိုင်ကြောင်းဖြင့် အစီရင်ခံစာတွင် ဖော်ပြ ထားပါသည်။ နောက်ထိုးကျည်မွေ့ (ရိုင်ဖယ်) အမြောက်ကြီးမှာ ပထမအမြောက်ထက် ကြီးမား၍ ပိုမိုစွမ်းအားရှိလေသည်။ အမြောက်ဆံမှာ ရှည်လျားလျားပင်ဖြစ်၍ ပြောင်းအတွင်း ရိုင်ဖယ်ရစ်များမှာ အမာခံ သတ္တုနှင့်ပင် ပြုလုပ်ထားသည်။ ဤအမြောက်ကြီးမှာလည်း အကြိမ်ကြိမ် စမ်းသပ် ပစ်ဖောက်ပြီးဖြစ်၍ စိတ်ချရပြီးဖြစ်သည်။ စစ်ဆောင် အမြောက်တင် ရထားသစ်ပေါ်တွင် ဆင်ထားသည်မှာ သပ်ယပ် ကောင်းမွန်လှသည်။ ဤအမြောက်ကြီး၏ မောင်းခလုတ် ပြုလုပ်ပုံ၊ ပစ်ခတ်ပုံမှာ ပထမအမြောက်နှင့် လုံးဝမတူ နည်းကွဲပြား ခြားနားလေသည်။ ဤအမြောက် ၂ လက်၏ အခြေအနေကို မှတည် အကဲခတ်ရလျှင် မြန်မာဘုရင် အစိုးရသည် စီစဉ်ကြိုးပမ်း စိုင်းပြင်းနေသည့် အတိုင်း အင်ဖီးလ်ရိုင်ဖယ်များကို ဆနိုက်ဒါ ရိုင်ဖယ်ခေါ် ဖေးဖွင့် သေနတ်များဖြစ်အောင် ပြောင်းလဲပြင်ဆင် လုပ်ဆောင်နိုင်ရန် အလားအလာ ကောင်းစွာရှိနေကြကြောင်းနှင့် အစီရင်ခံထားပါသည်။ ယင်းအမြောက်ကြီး ၂ လက်မှာ နန်းမြို့တွင်းရှိ လက်နက်စက်ရုံထွက်များ ဖြစ်ဟန်တူပါသည်။ သို့နှင့် အင်္ဂလိပ် ကိုယ်စားလှယ် အရေးပိုင်သည် ယင်းအမြောက် ၂ လက်ကို တွေ့မြင်ရပြီးနောက် ၁၈၇၂ ခု၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် မြို့မြောက်ပြင် အမရစံခေါ်ရပ် ရွှေတချောင်း ကမ်းပါးရှိ အမြောက်သေနတ် စက်ရုံသို့ သွားရောက်ကြည့်ရှုအကဲခတ်ပြန်လေသည်။ [၁၀၁] ယင်းစက်ရုံတွင် အလွန် အဖိုးထိုက် အဖိုးတန်စက်ကြီးများရှိသော်လည်း ကောင်းစွာ သုတ်သင်ပြုပြင်ထားခြင်း မရှိဟု ဆိုပါသည်။ အင်္ဂလိပ်ကိုယ်စားလှယ် အရေးပိုင် သွားရောက် ကြည့်ရှုစဉ်က အမြောက်ကြီးတလက်ကို လုပ်သား အချို့က ထွင်းနေကြ၍ အချို့ကမူ အလားတူ အမြောက်သစ် တလက်အတွက် ပုံပြုလုပ် နေကြလေသည်။ ယင်းလက်နက် စက်ရုံတွင် နောက်ထိုး အမြောက်စမ်းသပ်လုပ်ဆောင်ခြင်း မရှိဟု စက်ရုံ ကြီးကြပ်သူ မြန်မာအရာရှိက

ပြောလိုက်ကြောင်းနှင့်လည်း. သူ၏ အစီရင်ခံစာ [၁၀၂] တွင် ဖေါ်ပြ ရေးသားထားပါသည်။

ယင်းလက်နက် စက်ရုံများ၏ ထုတ်လုပ် စွမ်းအားကို ဆက်လက် ဖေါ်ပြရသော် ၁၈၇၂၊ ဖေဖေါ်ဝါရီလ အတွင်းမှာပင် အထက် ဖေါ်ပြပါ အမြောက်ကြီးများအပြင် တပေါင်ကျည်ဝင် ရိုင်ဖယ် အမြောက်ငယ် ၂ လက်လည်း ကောင်းမွန် သေသပ်ကျနစွာ ထုတ်လုပ်နိုင်ခဲ့လေသည်။ [၁၀၃] ယင်းနှစ် မတ်လအတွင်း မြို့ အနောက်ပြင် သင်္ဘောချောင်း ကမ်းပါးရှိ လက်နက်စက်ရုံမှ၊ လက်နက်ကြီးငယ် ၂၀ ထုတ်လုပ်နိုင်ခဲ့သည်။ ယင်းတို့အနက် အချို့မှာ ၄ ပေါင် ၅ ပေါင်ကျည်ဝင် ကြေးအမြောက်၊ သံအမြောက် တို့ဖြစ်လျက် အချို့မှာ စိန်ပြောင်းဖြစ်ကြပါသည်။ [၁၀၄] ထိုအတောအတွင်းမှာပင် ယင်းစက်ရုံ၌ စစ်သေနတ်ဟောင်း ၁၇ လက်ကို နောက်ထိုးသေနတ် (မြန်မာတို့က သေနတ် ခါးချိုးဟုလည်း ခေါ်သည်) အဖြစ်သို့ ပြင်ဆင်ပြောင်းလဲ လုပ်ဆောင် နိုင်ခဲ့ကြသည်။ [၁၀၅] ထို့အပြင် အမြောက်ငယ် အဟောင်း ၄၂ လက်ကိုလည်း ခေတ်သုံးယမ်းတောင့် နောက်ထိုး ရိုင်ဖယ်များ အဖြစ်သို့ ပြောင်းလဲ အောင်မြင်ခဲ့လေသည်။ [၁၀၆] သင်္ဘော ကမ်းပါးရှိ လက်နက်စက်ရုံတွင် ကြေးအမြောက် ၆ လက်နှင့် သံအမြောက် ၄ လက်ထပ်မံ သွန်းလုပ်ခဲ့သော်လည်း ယင်းတို့အနက် အမြောက် ၆ လက်မှာ စမ်းသပ်ရာတွင် ကွဲပျက် ပွင့်ထွက်သည်နှင့် ပြန်လည် သွန်းလုပ် ကြရသည်။ ထိုစဉ်က နန်းမြို့တွင်း လက်နက်စက်ရုံတွင် မြန်မာ အမျိုးသားများနှင့် အိန္ဒိယသား အလုပ်သမားပေါင်း ၁၀၀ ခန့်ရှိခဲ့သည်။ အိန္ဒိယသား အလုပ်သမားမှာ ၁၂ ယောက် ခန့်ရှိသည်ဟုဆိုပါသည်။ [၁၀၇] ထိုနောက်ဆုံလည်း အမြောက်တခုကို ထုတ်လုပ်အောင်မြင် ကြပြန်ရာ ၁၈၇၂ ခု၊ မတ်လ ၁၉ ရက်နေ့တွင် ဝန်ကြီး မှူးကြီးများရှေ့သို့ တင်သွင်းပြသ ကြလေသည်။ [၁၀၈] ယင်းဆုံလည်း အမြောက်မှာယမ်းတောင့် ၆ တောင့်ထိုး ဖြစ်၍ တချက်ပစ်တိုင်း ယမ်းတောင့်အိမ် လည်သဖြင့် ယခု နားလည်ကြသည့် ခြောက်လုံးပြူးသေနတ် သဘောသွားအတိုင်း ပင်ဖြစ်သည်။ သေသပ် ကောင်းမွန်သော်လည်း ရိုးရိုး စင်းစင်း ပင်ဖြစ်သည်ဟု ဆိုပါသည်။ ထိုစဉ်က မြန်မာတို့သည် သေနတ် ဟောင်းများကို ခေတ်သုံး နောက်ထိုးသေနတ်အဖြစ်သို့ ကျင်လည် နိုင်နင်းစွာ ပြုပြင်ပြောင်းလဲ နိုင်ကြပြီ ဖြစ်သည့်ပြင် ယင်း သေနတ်များအတွက် ကျည်ဆံများကိုလည်း လွယ်လင့်တကူ ထုတ်လုပ်နိုင်ကြပြီ ဖြစ်လေသည်။ [၁၀၉] ထိုအတောအတွင်း ၁၈၇၂ ခု၊ ဖေ ဖေါ်ဝါရီလ ၁ ရက်နှင့် ဖေဖေါ်ဝါရီလ ၃ ရက်နေ့ထုတ် **လန်ဒန် တိုင်း**သတင်းစာတွင် မြန်မာဘုရင် အစိုးရသည် အမြောက်တင် စစ်သင်္ဘော၊ ဆန်နိုက်ဒါ ရိုင်ဖယ်ကျည်ဆံလုပ် စက်ကရိယာများ၊ သံမဏိရိုင်ဖယ် အမြောက်နှင့် စစ်ဆောင် အမြောက်လုပ် စက် ကရိယာများကို ဝယ်ယူရန် စာချုပ်များ ပြုလုပ်နေသည်ဟု သတင်းထောက်က ရေးသားဖေါ်ပြ လိုက်လေသည်။ [၁၁၀] ဤအတိုင်း မှန်ပါက မြန်မာဘုရင် အစိုးရသည် ဗြိတိသျှတို့နှင့် ချုပ်ဆိုထားသည့် မဟာမိတ်စာချုပ်ကို ဖေါက်ဖျက် ကျူးလွန်နေသည်ဟု ဆုပ္ပက်လုပ်ရှား ဖြစ်လေရာ အိန္ဒိယ အစိုးရ၏ ဆင့်ဆိုချက်အရ ဗြိတိသျှ မြန်မာနိုင်ငံ မဟာဝန်ရှင်တော် မင်းကြီးသည် ရတနာပုံ နေပြည်ရှိ ကိုယ်စားလှယ် အရေးပိုင်ထံသို့ ယင်း အကြောင်းနှင့် ပတ်သက်၍ မြန်မာဘုရင်ထံ တိုက်ရိုက်မေးမြန်း စုံစမ်း အစီရင်ခံရန် ၁၈၇၂ ခု၊ မတ်လ ၁၄ ရက်နေ့စွဲဖြင့် အမိန့် ချမှတ်ရလေသည်။ [၁၁၁] ယင်းအမိန့်စာအရ ဗြိတိသျှကိုယ်စား လှယ် အရေးပိုင်သည် မတ်လ ၂၅ ရက်နေ့ ညီလာခံတွင် ဘုရင် မင်းမြတ်အား လျှောက်ထား မေးမြန်းရာ ဘုရင်မင်းမြတ်က မည်သည့် စစ်လက်နက် ပစ္စည်းမျိုးကိုမျှ အင်္ဂလန်နိုင်ငံမှ ၎င်း၊ မည်သည့်နိုင်ငံမှ၎င်း ဝယ်ယူရန် စာချုပ်ဆိုခြင်း မရှိကြောင်း အတိ အလင်း မိန့်တော်မူခဲ့ပါသည်။ ထိုမိန့်ဆိုချက်ကို မဟာဝန်ရှင် တော် မင်းကြီးထံသို့ ပေးပို့ အစီရင်ခံရာ၌ ဗြိတိသျှအစိုးရ ကိုယ် စားလှယ်က မြန်မာဘုရင် အစိုးရ၏ လက်နက်စက်ရုံတွင် ပထမ တန်း စက်ကရိယာများ အပြည့်အစုံ ရှိနေသဖြင့် နောက်ထိုး ရိုင်ဖယ် အမြောက်ကြီးငယ်နှင့် နောက်ထိုး သေနတ်များ ကောင်း မွန် သေသပ်စွာ ထုတ်လုပ်နိုင်ပြီ ဖြစ်ကြောင်း၊ ယင်းလက်နက် ကြီးငယ်များကို ကော့စီပူရ် လက်နက်စက်ရုံတွင် အမှုထမ်းဘူးသူ အရှေ့အိန္ဒိယ တိုင်းရင်းသား တဦးက ကြီးကြပ်ကွပ်ကဲ လုပ်ဆောင် လျက်ရှိကြောင်းကိုလည်း ထပ်မံရေးသား ဖေါ်ပြလျက် မကြာမီ က ထုတ်လုပ်အောင်မြင်သည့် ယမ်း ၆ တောင့်ထိုး ဆုံလည် အမြောက်ကိုလည်း ပုံကြမ်းရေးဆွဲ ပူးတွဲ ပေးပို့လိုက်လေသည်။ သို့သော် မဟာဝန်ရှင်တော် မင်းကြီးသည် ယင်းလက်နက်များကို မြန်မာပြည်၌ တကယ်အမှန် ပြုလုပ်သည်ဟု ကောင်းစွာ ယုံကြည် ခြင်းမရှိချေ။ [၁၁၂] လက်နက်စက်ရုံများကား ဆက်လက်လုပ်ဆောင် မြဲလုပ်ဆောင်ခဲ့သည်။ ၁၈၇၂ ခု၊ ဇူလိုင်လအတွင်း သံအမြောက် အချို့ ထပ်မံထုတ်လုပ်ပြီးမြောက်ပြန်သည်။ သို့သော် စမ်းသပ် ရာ၌ အချို့ပျက်စီးသွားသည် [၁၁၃] ဟုဆိုပါသည်။ ၁၈၇၂ ခု၊ ဩဂုတ်လ အတွင်းမှာမူ မြန်မာဘုရင် အစိုးရသည် စစ်သားများ အတွက် ကျည်ဆံထည့်ရန် ဘေးတွဲ သားရေအိတ်များ ပြုလုပ်ခဲ့ သည်။ ယင်းလုပ်ငန်းတွင် ဗင်္ဂလားနယ်မှ လာရောက်သည့် လုပ်သားများကို အသုံးပြုလေသည်။ [၁၁၄]

ရတနာပုံ အမြောက်သေနတ် စက်ရုံ ၄ ရုံတို့၏ ၁၈၇၁ နှင့် ၁၈၇၂ ခုနှစ်များအတွင်း ထုတ်လုပ် စွမ်းအားသည် ဗြိတိသျှ မြန်မာနိုင်ငံ မဟာ ဝန်ရှင်တော် မင်းကြီးကို အတော်ပင်တုန်လှုပ် စေခဲ့ဟန်တူ ပါသည်။ အဘယ်ကြောင့် ဆိုသော် မဟာဝန်ရှင် တော် မင်းကြီးသည် နေပြည်တော်ရှိ ဗြိတိသျှ ကိုယ်စားလှယ် ထံသို့ ၁၈၇၂ ခု၊ နိုဝင်ဘာလ ၁၂ ရက်နေ့စွဲဖြင့် စာပေးပို့လျက် လက်နက် စက်ရုံများ အကြောင်း အသေးစိတ် အစီရင်ခံရန် ဆင့်ဆို ခဲ့သည်ကို တွေ့ရသောကြောင့် ဖြစ်ပါသည်။ ယင်းဆင့်ဆို ချက်အရ ဗြိတိသျှ ကိုယ်စားလှယ်က လက်နက် စက်ရုံများ အကြောင်းကို ဤသို့ အစီရင်ခံခဲ့ ပါသည်။ မြို့မြောက်ပြင် အမရ စံခေါင်ရပ်ရှိ အမြောက်သေနတ် စက်ရုံတွင် အမြောက်သေနတ် ပြောင်းများ ထွင်းရန် ဖေါက်ရန် ချောရန်အတွက် ဖေါက်စူးစက်၊

လွန်ပူစက်၊ တူစက်၊ တွင်စက်၊ ပွတ်စက်၊ သံရည်ကျိုစက် စသဖြင့် စက်ကိရိယာ လိုလေသေးမရှိ ပြည့်စုံပါသည်။ စက်များကို နေ့သားတကျ သပ်ယပ်စွာ သုတ်သင် ပြုပြင် ထားရှိသည်။ ယင်းစက်ရုံမှ ကျည်မွှေ့ အမြောက်ငယ်များ၊ နောက်ထိုး ကျည်မွှေ့ အမြောက်ကြီး များကို ထုတ်လုပ်နိုင်၍ ၁၅ လက်ထက် မနည်း အောင်မြင်စွာထုတ်လုပ်ပြီးဖြစ်လေသည်။ တလလျှင် အမြောက်ငယ် ၃ လက် ၄ လက်ခန့် ထုတ်လုပ်နိုင်သည်။ ၆ ပေါင်ကျည်ဝင် ရွှေထိုး သံအမြောက်၊ ကြေးအမြောက်တို့ကိုလည်း သွန်းလုပ်ခဲ့လေသည်။ မြို့အနောက်ပြင် သင်္ဘော ချောင်းကမ်းရှိ စက်ရုံတွင်လည်း စက်ပစ္စည်း ကရိယာ များမှာ အစီအစဉ် ကျနစွာရှိသည်။ ယင်းစက်ရုံ၏ လုပ်ငန်းမှာ ဖင့်နွဲ နှေးကွေးသကဲ့သို့ ထင်မြင်ရသော်လည်း ရွှေထိုး၊ နောက်ထိုး ကျည်မွှေ့ အမြောက်တို့ကို ဖြေးဖြေးနှင့် မှန်မှန် ထုတ်လုပ်လျက် ရှိလေသည်။ ဤစက်ရုံသည်လည်း လစဉ် အမြောက် ၃ လက် ၄ လက်ခန့် ထုတ်လုပ်နိုင်သည်။ သို့သော် ဤစက်ရုံတွင် အမြောက် ကြီးငယ် အချို့မှာ စမ်းသပ် ပစ်ဖေါက်ဆဲ မှာပင် ကွဲပျက်ခဲ့လေသည်။ နန်းမြို့တွင်းရှိ လက်နက် စက်ရုံ ၂ ရုံတွင်မူ တူဆံများ တူမီး သေနတ်များပြုလုပ်လျက်ရှိခဲ့သည်။ အမြောက်အမျိုးမျိုး ထုတ်လုပ်နိုင်သည့် အကောင်းဆုံး စက်ပစ္စည်း ကရိယာများနှင့် ပြည့်စုံ၍ အမြောက်လည်း ထုတ်လုပ်သည်။ နောက်ထိုး သေနတ်များ ထုတ်လုပ်ရန် ကြိုးစား စမ်းသပ် လုပ်ဆောင်ရာ မအောင်မြင်သေး သော်လည်း ရှိပြီး စစ်သေနတ် ဟောင်းများကို ခေတ်သုံး နောက်ထိုးသေနတ် (ခါးချိုးသေနတ်) အဖြစ်သို့ ပြုပြင် လုပ်ဆောင်နိုင်လေသည်။ ဤစက်ရုံများတွင် ဗင်္ဂလားသား အလုပ်သမား ၈၀ ခန့်ရှိသည်။ အကြီး အချုပ်အဖြစ် ဥရောပ- အာရှသား အတတ်ပညာရှင် တဦးလည်း ရှိနေကြောင်း သိရပါသည်။ ယင်း အစီရင်ခံစာတွင် မြန်မာ ဘုရင် အစိုးရသည် ခေတ်မီ လက်နက် ကြီးငယ်များကို လက်ဝယ် ပိုင်ဆိုင် ရရှိရန် အသွန်ဆန္ဒရှိ နေကြောင်း ထင်ရှား သိမြင်ရပါသည်ဟုလည်း ဗြိတိသျှ ကိုယ်စားလှယ်က ဖေါ်ပြခဲ့လေသည်။ [၁၁၅]

ရတနာပုံ လက်နက် စက်ရုံ ၄ ရုံ၏ လုပ်ငန်းများမှာ ၁၈၇၂ ခုနှစ် နောက်ပိုင်းတွင် နှစ်ထောင်း အားရ လောက်အောင် တိုးတက် ကြီးပွါး လုပ်ဆောင်မှုများ မတွေ့ရဟု ဆိုရပေမည်။ ၁၈၇၃ ခုနှစ်၊ မေလအတွင်း ရတနာပုံ နေပြည်သို့ ဆိုက်ရောက်ခဲ့သည့် ကာနယ် ဒီဘာရောင်း မစ်ရှင် အဖွဲ့သည် မေလ ၂၆ ရက်နေ့ မြို့ပြင်ရှိ အမြောက် သေနတ် စက်ရုံတို့သို့ ဝင်ရောက် ကြည့်ရှုခဲ့သည်။ ကာနယ်ဘာရောင်း၏ မှတ်တမ်း [၁၁၆] တွင် ယင်းလက်နက်စက်ရုံများရှိ အလွန်အဘိုး ထိုက်တန်သည့် ကိကြီးများ၊ စက်ပစ္စည်း ကရိယာများမှာ စနစ် တကျ မရှိ ဂရုမစိုက် မသုတ်မသင် ပစ်ပစ် ခတ်ခတ် ထားကြသည်ဟု ဖေါ်ပြထားပါသည်။ ၁၈၇၄ ခုနှစ်တွင်မူ နန်းမြို့တွင်းရှိ လက်နက် စက်ရုံ၌ လှုပ်လှုပ် ရှားရှား တက်တက် ကြွကြွ ရှိကြသော်လည်း လုပ်ငန်းအားဖြင့် သေနတ်ဟောင်း များကို ပြန်လည် ပြုပြင်မှု မျှသာ ရှိလေသည်။ သို့သော် ၁၈၇၄ ခုနှစ်၊ ဧပြီလအတွင်း ယခင် လက်ရှိ ကျောက်မီး သေနတ်ဟောင်း များကို တူမီး သေနတ်ဖြစ်အောင် ပြုပြင် လုပ်ဆောင် နိုင်ခဲ့ကြကြောင်း [၁၁၇] သိရပါသည်။ ယင်းသို့ပြုလုပ်အောင်မြင်သည့်တူမီး သေနတ်ကို ဘုရင်မင်းမြတ်က ဗြိတိသျှ ကိုယ်စားလှယ်အရေးပိုင် အားထုတ်ပြရာ တွေ့မြင်ခဲ့ရသည့် သေနတ်မှာ သေနတ်ပြောင်း၊ သေနတ်အိမ်၊ မောင်း၊ ခလုပ်မှုစ၍ အလွန်သေသပ် ကောင်းမွန် ကြောင်းနှင့် ဗြိတိသျှ ကိုယ်စားလှယ်က ဆိုင်ရာသို့ သတင်းပေးပို့ အစီရင်ခံခဲ့လေသည်။ ယင်းအစီရင်ခံစာ၌ တူမီးသေနတ် တလလျှင် ၁၀၀ ထုတ်လုပ်နိုင်ရန် စိုင်းပြင်းလျက် ရှိကြသည့်ပြင် တူဆံများလည်း အလုံအလောက် ရှိစေရန် ကြိုးပမ်း လုပ်ဆောင်လျက် ရှိသည်ဟုလည်းဖေါ်ပြရေးသားခဲ့လေသည်။ [၁၁၈] ၁၈၇၄ ခု၊ နိုဝင်ဘာလသို့ ရောက်သော အခါ တူမီးသေနတ်ပေါင်း ၄၅၀ ခန့်လုပ်ဆောင်ပြီးစီးခဲ့ကြပြီး ဖြစ်ကြောင်း [၁၁၉] သိရပါသည်။ ၁၈၇၅ ခုနှစ်အတွင်းမူ နန်းမြို့တွင်းရှိ လက်နက်စက်ရုံ၌ အမြောက်ငယ် များသာမက ထားပေါင်း ၂၀၀,၀၀၀ ခန့်လည်း ထုတ်လုပ်ခဲ့ကြလေသည်။ [၁၂၀] ၁၈၇၅ ခုနှစ် မှစ၍သီပေါမင်းပါတော်မူသည်အထိ လက်နက် စက်ရုံများမှာ ရှေးကကဲ့သို့ တက်ကြွမှုအောင်မြင်မှုမရှိဟုဆိုနိုင်လောက်ပါသည်။ သို့သော်လုပ်ငန်း ရပ်ဆိုင်းသွားသည်ကား မဟုတ်ပေ။ သီပေါမင်း ထီးနန်း စိုးစံ ၁၈၇၈ ခုနှစ်က လက်နက် စက်ရုံများကို အီတာလျံ လူမျိုး စကာလာဆိုသူ သေနတ် စက်ဆရာတဦး ကြီးကြပ်လုပ်ဆောင်လျက် ရှိခဲ့သည်။ ယင်းသေနတ် စက်ဆရာကို လစာငွေ တလလျှင် ၆၀၀ ကျပ်ပေးရသည့်ပြင် ၁၂၄၀ ခု၊ နှောင်းတန်ခူးလ (မတ် ၁၈၇၉) အတွင်း အီတလီ နိုင်ငံသို့ ပြန်သည်တွင် ပြန်စရိတ်ငွေ ၁,၂၀၀ ကျပ်လည်းပေးလိုက်ရလေသည်။ [၁၂၁] ထိုနောက်တွင်မူ ကက်ပတိန်စီဗီယာတီ ဆိုသူက အမြောက်သေနတ် စက်ရုံများကို ကြီးကြပ်ကွပ်ကဲခဲ့ပါသည်။ [၁၂၂] သီပေါမင်းလက်ထက်တွင်မြောက်ပြင် အမရစံခေါင်ရပ်ရှိ သေနတ်လုပ် စက်ရုံမှ ဗထက်ခြိုက်ခေါ် နောက်ထိုး သေနတ် ၅၀၀ ကျော်မျှ ထုတ်လုပ်နိုင်ခဲ့သည်။ [၁၂၃] သီပေါမင်း ပါတော်မူလုနီး ၁၂၄၇ ခု၊ တော်သလင်းလဆန်း ၂ ရက် (၁၀ စက်တင်ဘာလ ၁၈၈၅) နေ့တွင် အမြောက်သေနတ် စက်ရုံမှ လုပ်ဆောင်ပြီး ပြေသည့် ဗထက်ခြိုက်ခေါ် နောက်ထိုး သေနတ်များနှင့် ၁၂ ချက်ထွက် နောက်ထိုး အမြောက်တလက် ကိုဘုရင့်ရှေတော်သို့တင်သွင်းပြသခဲ့ကြလေသည်။ [၁၂၄] ၁၈၈၅ ခု၊ ဒီဇင်ဘာလ ၂ ရက်နေ့၊ ဗြိတိသျှ ပြည်သိမ်းတပ်မှ တာဝန်ခံ အရာရှိများ ယင်းအမြောက် သေနတ် စက်ရုံများကို သွားရောက် သိမ်းပိုက်ခဲ့စဉ်က မြို့မြောက်ပြင်ရှိ အမြောက် သေနတ်စက်ရုံတွင် ပြုလုပ်ဆဲ ရေမြှုပ်ပုံးကြီး ဆယ်လုံး [၁၂၅] နှင့်သေနတ်စက်ရုံတွင် ပြုလုပ်ထွင်းဖေါက်ဆဲ မှိုင်ဖယ် သေနတ်ပြောင်း ၁၀ တန်ခန့် [၁၂၆] မျှ တစုတပုံကြီး တွေ့ရှိရကြောင်း မှတ်တမ်းတင်ထားခဲ့ကြပါသည်။ ဤသည်တို့ကားရတနာပုံ အမြောက်သေနတ်စက်ရုံ ၄ ရုံတို့၏ ထုတ်လုပ်စွမ်းအားကိုအထောက်အထား တွေ့ရှိရသမျှ တင်ပြချက် ဖြစ်ပါသည်။ ဂျင်နရယ် ပရင်ဒါဂတ် ဦးဆောင်သည့် ဗြိတိသျှ ပြည်သိမ်းတပ်က သိမ်းယူဖျက်ဆီးလိုက်သော အမြောက်

စိန်ပြောင်း၊ ရွှေထိုးနောက်ဘိုး သေနတ်လက်နက် ကြီးငယ်ပေါင်း ၁,၀၁၀ ကျော် [၁၂၇] တို့သည်သည်း ရတနာပုံ လက်နက်စက်ရုံများ၏ လုပ်ရည် လုပ်အားကို တစွန်းတစ ဖော်ညွှန်းလျက်ရှိပါသည်။ မြန်မာ့ လက်ဖြစ် ယင်းအမြောက် ငယ်များကို မန္တလေး၊ စစ်ကိုင်း၊ အင်းဝ ဒေသတို့၌ ယခုတိုင် တွေ့မြင်နိုင်ပါသေးသည်။

ရက်ကန်းစက်ရုံ

ရက်ကန်းစက်ရုံမှာ ရတနာပုံမြို့ မြောက်ပြင် အမရပူရခေါင်းရပ် ရွှေတချောင်း အရှေ့ဖက်ကမ်း၌ အမြောက် သေနတ် စက်ရုံနှင့် ကပ်လျက် တည်ရှိခဲ့ပါသည်။ [၁၂၈] မည်သည့် ခုနှစ် တည်ဆောက်သည်ဟု အတိအကျမသိရသော်လည်း စက်များ၊ ပစ္စည်းကရိယာများကို ၁၈၇၂ ခုနှစ်ဦးတွင် တပ်ဆင် ပြီးပြေသည်ဟု ခန့်မှန်းရပါသည်။ ယင်းစက်ရုံတွင် **ဘက်ဖို့ဒ်မြို့ဟောင်းဝတ်ကုမ္ပဏီ** လုပ် ဘွိုင်လာကြီး ၁ ခု၊ **ရောသ်ဝဲလ်အင်ကိုး** မှ ၁၈၆၉ ခုနှစ်ထုတ် မြင်းကောင်ရေ ၄၀ အား အင်ဂျင်စက် ၁ လုံးနှင့် **ဟဲသားရင်တန်ကုမ္ပဏီ** လုပ် စက်ရက်ကန်းစင် ၈၀ ခန့်၊ ရက်ပေါက်တံ ၁,၅၀၀ ခန့်နှင့် လွန်းတညင်းလုံးရစ်၊ ချားစသည်စက်ကရိယာတို့ အပြည့်အစုံ ရှိခဲ့ပါသည်။ [၁၂၉]

ယင်းရက်ကန်း စက်ရုံတော်ကြီးတွင်—

> ဝါများကို ကြိတ်သည့် ကြိတ်စက်၊ ကြိတ်ပြီးဝါကို ဘတ်သည့် ဂွမ်းဘတ်စက်၊ ဘတ်ပြီးဂွမ်းကို ညှိဆိုင်ရှိ ဗိုင်းတောင့်ကြီး တဆက်တည်း အရှည် အလံ ဖြစ်အောင် လုပ်သည့်စက်၊ ၎င်းဗိုင်းတောင့်ကြီးကို တစတစ သေးစေ၍ အလိုရှိရာ ချည်ချောကြမ်း ဖြစ်အောင် စက်အဆင့်ဆင့်များနှင့် လုပ်ဆောင်သည်၊ ၎င်းချည်ကို ဝင့်သည့်စက်၊ ချည်ချစက်၊ ချည်ခင်ကို ခေါက်သည့်စက်၊ ချည်စာယူသည့် တိုက်ခန်း၊ အထည်ရက်ရန် ရက်ကန်းရှယ်သည့် တိုက်ခန်း၊ နှပ်ကောက်သည့် တိုက်ခန်း၊ အထည် ရက်သည့် ရက်ကန်းစက် တိုက်ခန်း၊ အထည်ခေါက်သည့် စက်ခန်းများနှင့်ပြည့်စုံစွာရှိသည် [၁၃၀]

ဟု **ရွှေနန်းသုံး ဝေါဟာရအဘိဓါန်** တွင်လည်း ဖော်ပြထားပါသည်။

စက်ရက်ကန်းစင်ပေါင်း ၈၀ ခန့်နှင့် အခြား လိုအပ်သည့် စက်များကို **ဂျူး** နှင့် **ကာခမ်း** ဆိုသူ နိုင်ငံခြားသား ၂ ဦးက ကြီးကြပ် တပ်ဆင်ကြလေသည်။ [၁၃၁] ဤစက်ဆရာ ၂ ဦးကို ရန်ကုန်မြို့ ကုမ္ပဏီကြီးတခုမှ ကန်ထရိုက်စနစ်ဖြင့် ခေါ်ယူရာ အချိန်ကာလ အခကြေးငွေ မည်မျှနှင့် စာချုပ်ဆိုသည်ဟု အတိအကျ မသိရသော်လည်း ယင်းစက်ဆရာ ၂ ဦးတို့ မပြန်မီ ကျပ်ငွေ ၃,၅၀၀ ပေးလိုက်ရသည်ဟု ကား သိရပါသည်။ ၁၈၇၂ ခု၊ မတ်လ အတွင်း ယင်းငွေကို မြန်မာအစိုးရက ငွေဒင်္ဂါး ၂,၀၀၀ ကျပ်၊ ရွှေဒင်္ဂါး ၁,၅၀၀ ဖိုးနှင့် ပေးချေရာ ရွှေဒင်္ဂါး ပေါက်ဈေးမှာ လျော့ကျနေသည်ဟူ၍ မယူလိုကြသဖြင့် စက်ဆရာတို့သည် အလုပ်ရပ်စဲလျက် ရန်ကုန်သို့ ပြန်မည်ဟု ဆန္ဒပြခဲ့ကြလေသည်။ [၁၃၂] သို့သော် မြန်မာအစိုးရက ယင်းစက်ဆရာတို့ အလိုကျ လိုက်လျောသဖြင့် လုပ်ငန်းကို ဆက်လက် လုပ်ဆောင်ကြသည်။ [၁၃၃] ၁၈၇၂ ခုနှစ်၊ ဇွန်လအတွင်းလုပ်ငန်း ပြီးပြေ၍ စာချုပ် ရက်လလည်း စေ့ရောက်သည်နှင့် စက်ရုံကို တည်ဆောက်လျက် အရာရာ နေသားတကျရှိအောင် တပ်ဆင်ပြုပြင်ပေးသည့် အင်ဂျင်နီယာမှာ မန္တလေးမှ ထွက်ခွါသွားလေသည်။ [၁၃၄] နေပြည်တော်ရှိ ဗြိတိသျှအစိုးရ ကိုယ်စားလှယ် အရေးပိုင်သည် ၁၈၇၂ ခု၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့ ရက်ကန်းစက်ရုံသို့ သွားရောက်ကြည့်ရှုပြီးနောက် စက်များမှာ အလွန် ကောင်းမွန်ကြောင်း တနေ့လျှင် အထည်ကိုက် ၁,၀၀၀ ခန့် ထုတ်လုပ်နိုင်ရန် အလားအလာ ရှိကြောင်း၊ သို့သော် ကျွမ်းကျင်သူ စက်ရက်ကန်း အတတ် ပညာရှင်များကို ခေါ်ယူအမှုထမ်းစေရန်စီစဉ်မှု မရှိသေးကြောင်း [၁၃၅] စသည်ဖြင့်အစီရင်ခံစာ ရေးသားခဲ့ပါသည်။ ၁၈၇၂ ခု၊ နိုဝင်ဘာလသို့ ရောက်သောအခါမူ စက်ရုံတွင်း လုပ်ငန်းများမှာ များစွာ တိုးတက်လာပြီဟု ဆိုရပေမည်။ များစွာသော စက်တို့မှာ ကောင်းမွန်စွာ လည်နေကြပြီဖြစ်၍ ချည်ချော ချည်ကောင်းများ ထုတ်လုပ်နေပြီ ဖြစ်ပါသည်။ သို့သော်ကျွမ်းကျင်သူရက်ကန်းပညာသည် ၂ ဦးကို အင်္ဂလန်နိုင်ငံမှ မှာထားရာ မရောက်ကြသေးသည်နှင့် စက်ရက်ကန်းစင်များမှာ တပ်ဆင်ပြီး ဖြစ်သော်လည်း အထည် ရက်လုပ်သည့် လုပ်ငန်းမှာ မစရသေး ဖြစ်လေသည်။ [၁၃၆]

ရက်ကန်း စက်ရုံ၏ လုပ်ငန်းမှာ ၁၈၇၃ ခုနှစ်ဦးတွင် မြိုင်မြိုင်ဆိုင်ဆိုင် ဖြစ်လာခဲ့သည်ဟု ဆိုရပါမည်။ လင်ကက်ရှိုင်းယားမှ ရက်ကန်းပညာသည် ၂ ဦးလည်း ရောက်ရှိလာပြီ ဖြစ်၍ ယင်းနှစ်ဦးကပင် အထည်များ ရက်လုပ်ခဲ့သည်ဟု ခန့်မှန်းရပါသည်။ ရက်ကန်းစက်ရုံ၏ ထုတ်လုပ်စွမ်းအားနှင့်ပတ်သက်၍ အထောက်အထားများစွာမတွေ့ရချေ။ အလိုတော်ရှိသမျှချည်ထည်များကို ရက်လုပ် ထမ်းရွက်ကြရသည်ဟု၎င်း၊ မြန်မာပြည်မှ ထွက်သည့် ဝါများ မကောင်းသဖြင့် ပိတ် ချောရက်လုပ်နိုင်လောက်အောင် ချည်သေး ချည်ချော လုပ်၍မရ [၁၃၇] ဟူ၍ ၎င်း သိရပါသည်။ အတိအကျ အားဖြင့်သော် ၁၈၇၃ ခုနှစ်အတွင်း ရက်ကန်းစက်ရုံမှ ဝါညစ်ညစ် ခပ်ကြမ်းကြမ်း လူသိဂ်မ်ခေါ် ပိတ်မျိုး တရက်လျှင် အုပ်ပေါင်း ၃၀-၃၂ အုပ်ခန့် ထုတ်လုပ်ခဲ့ပါသည်။ ယင်းပိတ်ကြမ်းမှာ တအုပ်လျှင် ၆ ကျပ်၊ သို့မဟုတ် ၇ ကျပ်ခန့် ဈေးရှိ၍ များသောအားဖြင့် အဝါဆိုးကာ သင်္ကန်းချုပ်လုပ်ကြောင်း သိရပါသည်။ [၁၃၈]

မြန်မာတို့သည် ရက်ကန်းပညာကို တတ်မြောက် ကျွမ်းကျင်ကြပြီးဖြစ်၍ ရက်ကန်းစက်ရုံကို ကြီးကြပ် ကွပ်ကဲ လုပ်ဆောင်ရန် ပညာအထူး ဆည်းပူးသင်ယူခြင်း မရှိခဲ့သည်သာမက ကျွမ်းကျင်သူ အင်ဂျင်နီယာများ ခေါ်ယူရာ၌လည်း စီစစ်မှု မရှိခဲ့ဟု ထင်မြင်ရပါသည်။ စက်ရက်ကန်းဖြစ်သော်လည်း ရက်ကန်း

ပညာ အခြေခံရှိ၍ စက်များကို လွယ်လင့်တကူ လည်စေနိုင်မည် ကိုင်တွယ်ထိန်းသိမ်း တတ်ကြမည်ဟု ယုံကြည်ခဲ့ကြဟန် တူပါသည်။ ထို့ကြောင့် လင်ကက်ရှိုင်ယားမှ ရက်ကန်းပညာသည် ၂ ဦးကို ခေါ်ယူရာ၌ ၈ လခန့် အတွက်မျှသာ စာချုပ်ပြုလုပ် ခေါ်ယူခဲ့သည်ဟု ထင်မြင်ရပါသည်။ ယင်းရက်ကန်းဆရာ ၂ ဦးကို ရန်ကုန်မြို့ရှိ စက်ပစ္စည်းကရိယာများ ဝယ်ယူ တင်သွင်းသည့် ကုမ္ပဏီဘခုက မြန်မာဘုရင် အစိုးရနှင့် စာချုပ် ပြုလုပ်လျက် တာဝန်ခံကာ ခေါ်ယူပေးခြင်း ဖြစ်ပါသည်။ သို့နှင့် စာချုပ်ရက်လခစေ့၍ စက်ဆရာများ ပြန်ချိန်ဝယ် ယင်းစက်ဆရာများ၏ လခကိုသာ မြန်မာဘုရင်အစိုးရက ထုတ်ပေးခဲ့၍ ပြန်စရိတ်ကိုမူ ထုတ်ပေးရန် ငြင်းပယ်ခဲ့သည်။ ရက်ကန်းဆရာများက ဗြိတိသျှအစိုးရ ကိုယ်စားလှယ်သို့ တိုင်ကြားရာ အရပ်ရပ်စုံစမ်း စစ်ဆေးပြီးနောက် ဗြိတိသျှ ကိုယ်စားလှယ်က ဤကိစ္စတွင် ရက်ကန်းဆရာများသည် မြန်မာအစိုးရနှင့် တိုက်ရိုက်စာချုပ် ပြုလုပ်ကြသည်မဟုတ်၍ မြန်မာအစိုးရ၏ ဝန်တာဟု မဆိုနိုင်ကြောင်း၊ စာချုပ်ယင်း ကုမ္ပဏီ၏ ပျက်ကွက်မှုသာလျှင် ဖြစ်ကြောင်း မှတ်ချက်ရေးသားခဲ့ပါသည်။ [၁၄၉] လင်ကက်ရှိုင်းယား ရက်ကန်းပညာသည် ၂ ဦးသည် ၁၈၇၃ ခု၊ နိုဝင်ဘာလအတွင်း စာချုပ်ရက်လစေ့ရောက်၍ မန္တလေးမှ ထွက်ခွာသွားကြလေသည်။ [၁၅၀] ထိုအချိန်က မြန်မာလုပ်သားများသည် စက်ရက်ကန်း ပညာကို ကောင်းစွာသင်ယူ တတ်မြောက်သိုက်၍ စက်များကို နိုင်နင်းစွာ လုပ်ဆောင်နိုင်ကြပေပြီဟု များစွာ မြော်လင့်ရန် မသင့်ပေ။ ၁၈၇၃ ခု၊ မေလ ၂၃ ရက်နေ့ ရက်ကန်းစက်ရုံကို ဝင်ရောက်ကြည့်ရှုခဲ့သည့် ကာနယ် ဘရောင်းက စက်များလွန်စွာ ကောင်းမွန်ကြောင်း၊ အစီအစဉ် ကျနစွာ သေသေသပ်သပ် တွေ့ရကြောင်း စသည်ဖြင့် သူ၏မှတ်တမ်းတွင် ရေးသားခဲ့ပါသည်။ [၁၅၁] သို့သော် ရက်ကန်းပညာသည် ၂ ဦး ထွက်ခွာမသွားမီ ၁၈၇၃ ခု၊ ဇွန်လအတွင်းမှာပင် စက်အချို့ ပျက်စီးကျိုးပဲ့ ကုန်သဖြင့် လုပ်ငန်းရပ်ဆိုင်းထားရကြောင်း [၁၅၂] ဝမ်းနည်းဖွယ်ရာ တွေ့ရပါသည်။ ဤသို့ ဖြစ်ရသည်မှာ စက်ရုံရှိမြန်မာ လုပ်သားများ စက်အကိုင်အတွယ် မကျင်လည်မှု၊ နားမလည်မှုလည်း များစွာပါမည်ကို ငြင်းဆိုနိုင်ဖွယ် မရှိချေ။ သို့သော် ယင်းစက်များကို တပ်ဆင်ပြုပြင် လုပ်ဆောင်ရန် ငှါးရမ်း ခေါ်ယူရသည့် နိုင်ငံခြားသားအတတ်ပညာရှင်များ၏ စေတနာခဲ့မှု၊ တာဝန်မကျေပြွန်မှုတို့လည်း ပါခဲ့ပေသည်ဟု တင်ပြလိုပါသည်။ ရက်ကန်းစက်ရုံ တည်ဆောက စဉ်ကပင် အကြီးအကြပ်အဖြစ် အမှုထမ်းခဲ့သူ အင်္ဂလိပ်လူမျိုး မစ္စတာ က ခမ်းသည် အလွန် တဖက်သတ်နိုင်၍ စိတ်လိုက်မာန်ပါ ပြုလုပ်တတ်သူ တဦးဖြစ်ကြောင်း ဗြိတိသျှအစိုးရ ကိုယ်စားလှယ် အခေးပိုင်ကပင် မှတ်ချက် ချခဲ့ပါသည်။ စက်ရုံတွင်းရှိ လုပ်သားများကို နှိပ်စက်ကလူ ပြုသဖြင့်လည်း ဘုရင်မင်းမြတ်က ဗြိတိသျှကိုယ်စားလှယ်သို့ မကြာခဏ တိုင်တန်း ပြောဆိုခဲ့ရသည်။ ၁၈၇၃ ခု၊ ဖေဖေါ်ဝါရီလအတွင်း အမှုထမ်း တဦးကို တွန်းထိုးရန်မှုသဖြင့် မြန်မာအစိုးရက မစ္စတာ ကာခမ်းကို အလုပ်မှ ရပ်စဲလိုက်ကာ ရက်ကန်းစက်ရုံသို့ မဆင်းရန် တားမြစ်လေသည်။ သို့သော် မစ္စတာ ကာခမ်းသည် စက်ရုံတွင်းသို့ ဇွတ်တရွတ် ဝင်ရောက်၍ လင်ကက်ရှိုင်းယား ရက်ကန်းဆရာ ၂ ဦးအား ခြောက်လှန့်ပြုး ဖြင့် ချိန်ရွယ်ခြိမ်းခြောက်ကာ အလုပ်ခွင်မှ ထွက်သွားရန် မောင်းထုတ်သည်။ သို့နှင့် ၁၈၇၃ ခု၊ ဖေဖေါ်ဝါရီလ ၂၈ ရက်နေ့တွင် မြန်မာ အစိုးရက မစ္စတာ ကာခမ်းကို ဖမ်းဆီးကာ အကျဉ်းချထားသည်။ [၁၅၃] သို့သော် ဗြိတိသျှအစိုးရ ကိုယ်စားလှယ်နှင့် ဆရာဝန်တို့က မစ္စတာ ကာခမ်းသည် စိတ်ဖေါက်ပြန် ရူးသွပ်သွား၍ ဤသို့ ဖြစ်ရပါသည်ဟု အကြောင်းပြကာ အချုပ်မှ ထုတ်ယူလျက် မတ်လ ၂ ရက်နေ့ ရန်ကုန်မြို့သို့ ပို့လိုက်လေသည်။ မစ္စတာ ကာခမ်းသည် **ဂရေစ့်မန်အင် ကုမ္ပဏီ** အမှုထမ်းတဦးဖြစ်သည်။ [၁၅၄] ဘုံဘေဘားမား ကုမ္ပဏီနှင့် စာချုပ်ဆို ခေါ်ယူခဲ့ခြင်းဖြစ်ရာ ၂ နှစ်နီးပါးခန့် တလလျှင် လစာ ၅၀၀ ကျပ်စီ ထုတ်ယူ ခံစားသွားခဲ့သည်။ [၁၅၅] သို့နှင့် စက်ရုံလုပ်သားများကို နှိပ်စက်ကလူ ပြုတတ်လျက် စိတ်ဖေါက်ပြန် ရူးသွပ်သူ အင်ဂျင်နီယာ စက်များ ကျိုးပဲ့ ပျက်စီးသည်တွင် စာချုပ်ရက်လ စေ့ပြီဟု အလုပ်မှ ထွက်သွားသူ ရက်ကန်းသည်တို့နှင့် လုပ်ဆောင်ခဲ့ရသည့် ရက်ကန်း စက်ရုံကား ငွေကြေးကုန်ကျခဲ့ရသလောက် အကျိုးဖြစ်ထွန်းခဲ့မည် မဟုတ်ဟု ယူဆရမည်ကဲ့သို့ ရှိပါသည်။

ရက်ကန်းစက်ရုံမှာ ရတနာပုံခေတ် ကုန်ဆုံးချိန်ထိ ဆက်လက် တည်ရှိနေခဲ့သော်လည်း ထုတ်လုပ်စွမ်းအား အခြေအနေကို မသိရချေ။ သီပေါမင်းလက်ထက် အီတာလျံ အမျိုးသား ရက်ကန်းစက်ဆရာ ကာနက်ပဆိုသူက ကြီးကြပ်လုပ်ဆောင်ခဲ့ပါသည်။ [၁၅၆]

ယင်း ရက်ကန်းစင်များတွင် ရက်လုပ် အမှုထမ်းခဲ့သည့် အကြီးအချုပ်များ အဝင်အပါ လုပ်သား မည်မျှ ရှိခဲ့သည်ဟု မသိရပါ။ စက်ရုံစောင့် အမှုထမ်း ၈ ယောက်တို့မှာ မူ လစာအဖြစ် တလလျှင် စပါး ၂၁၅ တင်း ရရှိခဲ့ကြောင်း [၁၅၇] သိရပါသည်။

သဘော်စက်ရုံ

ရတနာပုံ ရွှေမြို့တော် အနောက်မျက်နှာ မြို့ကြီးပြင် ပန်းစက်တံခါးအထွက် ဧရာဝတီမြစ် အရှေ့ဖက် ကမ်းနပူးတွင် သဘော်တော်များ တည်လုပ်ရန် ပျက်လျှင် ပြင်ဆင်ရန် စက်ရုံတော်ကြီး တည်ရှိခဲ့ပါသည်။ [၁၅၈] သဘော်ကျင်း တည်ရာဌာနမှာ အသိုက်အဝန်း အလွန်လျော်ကန် ကောင်းမွန်သည်။ စက်ရုံများမှာ ကမ်းနပူး ကုန်းမြင့်များပေါ်တွင် ရှိ၍ ဧရာဝတီမြစ်ရေ အမြင့်ဆုံး အချိန်၌ပင်လျှင် ရေလျှံနစ်မြုပ်မည်ကို စိုးရိမ်ဖွယ် မရှိဖြစ်သည်။ ထို့ပြင် ယင်းသို့ မြစ်ရေ တိုးချိန်ဝယ် သဘော်များကို စက်ရုံဝန်းကျင်သို့အရောက်တင်ဆောင်နိုင်သည် [၁၅၉] ဟုဆိုပါသည်။ ဤသဘော်ကျင်းနှင့် စက်ရုံများကို မည်သည့်ခုနှစ်တွင် တည်ဆောက်သည်ဟု အတိအကျ မဖေါ်ပြနိုင်ပါ။ ၁၈၇၀ ခုနှစ်အတွင်း ယင်း သဘော်ကျင်းမှ သဘော်များ ဆောက်လုပ်ပြီးမြောက်လျက် ရှိပြီဖြစ်ကြောင်း တွေ့ရ၍ ၁၈၆၄ ခုမှ ၁၈၇၀

ခုနှစ်အတွင်း ခေတ်မီ စက်ကရိယာအချို့ တပ်ဆင် ဆောက်လုပ်ပြီးစီးသည်ဟု ခန့်မှန်းရပါသည်။ ထို့ပြင် ၁၂၃၄ ခု (ခရစ် ၁၈၇၂) နှစ်တွင် သင်္ဘောကျင်းကို ထပ်မံ ပြုပြင်တိုးချဲ့လျက် ခေတ်မီစက်ကြီးများတပ်ဆင်ပြုလုပ်ကြောင်းကို ၁၂၃၄ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၅ ရက် (၅ ဇူလိုင် ၁၈၇၂)၊ သောကြာနေ့ထုတ် **မြန်မာသတင်းစာ** [150] တွင် "သင်္ဘောများကို ဆွဲတင်၍ ပြင်ဆင်ရန် လုပ်ဆောင်သော ကျင်းစက်ကြီး အလွန်ကြီးကျယ်ပေသည်။ ကျင်းကို တူးပြီးပါပြီ၊ စက်များလည်း အနည်းငယ် တပ်ဆင်စပြုလေပြီ၊ ထိုစက်ကြီးသည် သင်္ဘောပြည်မှာ စက်များကဲ့သို့ပင် ကြီးကျယ်ကောင်းမွန်ရန် ရှိပါသည်" ဟု ဖေါ်ပြထားလေသည်။ ယင်းသင်္ဘောကျင်း စက်ရုံတွင် ခေတ်မီ၍ ကောင်းမွန်သော စက်များ၊ ပစ္စည်းကရိယာများ ပြည့်စုံစွာ ရှိခဲ့ပါသည်။ စက်များမှာ များသောအားဖြင့် စကော့တလံပြည်လုပ် ဖြစ်၍ **ဒန်ဒပ်(စ်)**နှင့် ဂလပ်စဂိုမြို့ စမစ်ကုမ္ပဏီထွက်များ ဖြစ်လေသည်။ ယင်းတို့အနက် ပွတ်စက် ၄ လုံး၊ တွင်စက် ၅ လုံး၊ ကတ်ကျေးစက်ကြီး ၁ လုံးနှင့် ဗဟိုခွါအားသုံး ရေစုတ်စက်တခုလည်း ပါဝင်ခဲ့ပါသည်။ ၁၀ တန် ဝန်ချီစက်နှင့် စက်မောင်းလက်ကြီးတို့မှာ ဗြိတိသျှတို့ သိမ်းပိုက်ချိန်ထိ မတပ်ဆင်ရသေးဘဲ ပကတိအတိုင်းပင် ရှိနေခဲ့လေသည်။ [151] စက်ရုံအမှုထမ်း ၁၂၇ ယောက် ရှိခဲ့၍ လစာအားဖြင့် တလလျှင် စပါး ၂,၈၅၅ တင်း ရရှိခဲ့ကြလေသည်။ [152]

ရတနာပုံ သင်္ဘော စက်ရုံတွင် ၁၈၇၀ ခုနှစ်၊ သို့မဟုတ် ထိုထက် အနည်းငယ်စောစွာက မြစ်တွင်းသွား ခေတ်မီ မီးသင်္ဘောများ စတင် ဆောက်လုပ်ခဲ့ပါသည်။ မြန်မာဘုရင်အစိုးရသည် အစပထမ၌ နိုင်ငံခြားသားကုမ္ပဏီများ၊ ကုန်သည်ကြီးများနှင့် ဆက်သွယ်ကာ သင်္ဘောများ ဝယ်ယူရန် စီစဉ်၍ သကရစ် ၁၂၂၆ ခု (ခရစ် ၁၈၆၄-၅) နှစ်အတွင်း ဟယ်လီဒေးဘုလုပ် ကုမ္ပဏီ မှ အဖိုးငွေ ၂၁၀,၀၀၀ ကျပ်ပေး၍ သင်္ဘောတစင်း ဝယ်ယူခဲ့လေသည်။[153] အခြား ကုမ္ပဏီများ၊ ကုန်သည်များနှင့်လည်း သင်္ဘော ဝယ်ယူရန်စာချုပ်များ ချုပ်ဆိုခဲ့သည်။ ထိုနောက် ခေတ်မီ အခင်းအကျင်း ပစ္စည်းကရိယာအစုံနှင့် စက်အားကောင်း မြစ်တွင်းသွား အလျားအတောင် ၁၂၀၊ အနံ အတောင် ၂၀၊ စောက် ၆ တောင်၊ ရေစူး ၂ တောင်ရှိ **သံတိုက်မီးသင်္ဘော** ၂ စင်း ဝယ်ယူရန် စီစဉ်လျက် ၁၂၃၀ ပြည့်၊ နှောင်းတန်ခူးလပြည့်ကျော် ၇ ရက် (၂ ဧပြီလ ၁၈၆၉) နေ့ ပခန်းမင်းကြီးက ဗြိတိသျှ ကိုယ်စားလှယ် စလေဒင်ထံသို့ စာရေးသား စုံစမ်းခဲ့လေသည်။ [154] ယင်းကိစ္စကား အမြောက် သေနတ် လက်နက်များ ဝယ်ယူရေး စီမံကိန်းကဲ့သို့ပင် ဗြိတိသျှ အစိုးရတို့က ပိတ်ပင် ဖျက်ဆီးသည်နှင့် မအောင်မြင်ခဲ့ချေ။ ဤတွင် မြန်မာဘုရင် အစိုးရသည် နစ်ကိုလ်ဆင်ဆိုသူသင်္ဘောဆောက်လုပ်တတ်သူ ပညာရှင် တဦးကို ရန်ကုန်မြို့မှ ခေါ်ယူ၍ ၁၈၇၀ ခုနှစ်အတွင်း ရတနာပုံ သင်္ဘောကျင်းတွင်ခေတ်မီ မီးသင်္ဘောများ စတင် ဆောက်လုပ်ခဲ့သည်ဟု ထင်မြင်ရပါသည်။ နစ်ကိုလ်ဆင်၏ လက်ရာဖြစ်သည့် မြစ်တွင်းသွား ရိုးရိုး မီးသင်္ဘောတစင်းကို ၁၂၃၂ ခု၊ သီတင်းကျွတ်လဆန်း ၁၃ ရက် (၇ အောက်တိုဘာ ၁၈၇၀) နေ့ ရေချနိုင်ခဲ့သည်။ [155] ယင်းသင်္ဘော ကိုယ်ထည်ကို ကျွန်းသစ်ဖြင့် ဆောက်လုပ်သည်။ ဗြိတိသျှအစိုးရတို့ကမူ ယင်းသင်္ဘောကို မြန်မာတို့က တိုက်သင်္ဘောအဖြစ် လုပ်ဆောင် အသုံးပြုမည်ဟု သံသယ ကြီးစွာ ရှိနေသည်နှင့် နေပြည်တော်ရှိ ဗြိတိသျှကိုယ်စားလှယ်က သင်္ဘောအကြောင်း မျက်ခြေမပြတ် ထောက်လှမ်း သတင်းပေးခဲ့ရလေသည်။ [156]

ရတနာပုံ သင်္ဘောစက်ရုံ၏ ထုတ်လုပ်မှုအားကို ဆက်လက်ဖေါ်ပြပါမည်။ ၁၈၇၀၊ အောက်တိုဘာလတွင် သင်္ဘောတစင်း ရေချနိုင်ပြီးနောက် နစ်ကိုလ်ဆင်အား အလားတူသင်္ဘော ၁၀ စင်း တပြိုင်တည်း ဆက်လက်လုပ်ဆောင်စေခဲ့သည်။ ယင်းသင်္ဘော ၁၀ စင်း၏ ရောများကို ၁၈၇၁ ခု၊ မတ်လ ၅ ရက်နေ့ ပွဲလမ်းအကြီးအကျယ်ပေး၍ တပြိုင်တည်း ပန္နက်ရိုက်လုပ်ဆောင်သည်။ ယင်းနေ့က နန်းတော် မြို့တော် နေပြည်တော်တခုလုံး နေ့လွတ်နေ့အား အဖြစ် တရားရုံးခွင်မှ အစ လုပ်ငန်းများ ပိတ်ထား၍ မြို့သူမြို့သားများ မှူးမတ်မင်းစိုးကတော် မယား မင်းညီမင်းသားပေါင်းစုံတို့လည်း ဖေါင်းနားတောင်းဝတ်ကောင်း စားလှ ရွှန်းရွှန်းပပ ဆင်ယင်ကာယင်းအခမ်းအနားကို တက်ရောက်ခဲ့ကြလေသည်။ [157] နစ်ကိုလ်ဆင်ကြီးကြပ်ဆောက်လုပ်၍ ၁၈၇၁ ခု၊ မတ်လ ၅ ရက်နေ့ ရောတည်ခဲ့သည့် ယင်းသင်္ဘော ၁၀ စင်းအနက် ၂ စင်းကို ယင်းနှစ် ဇွန်လ ၂ ရက်နေ့ မင်းညီမင်းသား မှူးကြီးမတ်ကြီးအစုံအညီ မင်းခမ်းမင်းနားနှင့် အမြောက် ၁၂ ချက်ပစ်ဖေါက်လျက် အောင်မြင်စွာ ရေချနိုင်ခဲ့ပါသည်။ [158] ကျန်သင်္ဘော ၈ စင်းကိုလည်း မကြာမြင့်မီရေချနိုင်ရန် လျင်လျင်ထက်ထက် လုပ်ဆောင်စေသည်။ ယင်း သင်္ဘောများကို မြစ်တွင်းသွား မီးသင်္ဘောများ အဖြစ် တည်ဆောက်မည်ဖြစ်၍ သင်္ဘောစက်များကို **ဆပ်သလင်မက္ကင်ဇီ ကုမ္ပဏီ၊ ဒေါ်ဆင်-ဆင်ပဆင်ကုမ္ပဏီ**နှင့် **အက်ဒမန်ဂျုံးကုမ္ပဏီ**တို့က ဝယ်ယူပေးသွင်းရန် စာချုပ်ဆိုကြလေသည်။ သင်္ဘောများမှာ ရော အလျားပေ ၁၅၀ မှ ပေ ၁၈၀ ရှိ၍ အကျယ် ၂၄ ပေ၊ စောက် ၆ ပေရှိသည် [159] ဟုတွေ့ရပါသည်။ ၁၈၇၁ ခု၊ မတ်လ အတွင်းက ရတနာပုံ သင်္ဘောစက်ရုံတွင် အလျားပေ ၁၆၅၊အနံ ၂၈ ပေရှိ တိုက်မီးသင်္ဘောတစင်းကိုလည်း စတင်တည်ဆောက်ခဲ့ပါသည်။ ယင်းစစ်သင်္ဘောကို ဆောက်လုပ်သူ သင်္ဘောဆရာမှာ မော်လမြိုင်မြို့မှ ဆရာရှမ်းဆိုသူ မြန်မာအမျိုးသားတယောက်ဖြစ်လေသည်။ သင်္ဘောရောကို ပွဲကြီး လမ်းကြီးပေး၍ အမြောက် သေနတ်များပစ်ဖေါက်ကာ မင်းခမ်းမင်းနားနှင့် ၁၈၇၁ ခု၊ ဇူလိုင်လ ၂ ရက်နေ့ရေချသည်။ [160] သင်္ဘောမှာ လေး၍ ရေစူးများသည်။ ထုတပေရှိတံကူများခံ၍ ၅ လက်မပျဉ်များကိုစပ်လျက် ဆောက်လုပ်ပုံမှာ အထူးသေသပ် ခိုင်ခံ့သည်။ အမြောက် **၂၀**

တပ်ဆင်နိုင်ရန် စီမံထားလျက် သင်္ဘောဦးဟွင် ဓါးလွှဲကိုင် မြန်မာရဲမက်တဦး၏ပုံ ကျွန်းသား ပန်းပုရုပ်လုံးလက်ရာကောင်း လက်ရာမွန်တခုကို တပ်ဆင်ထားလေသည်။ ယင်းသင်္ဘောကို ဆောက်လုပ်သည့် မြန်မာ အမျိုးသားကို အထူးချီးမွမ်းဂုဏ်ပြု ထိုက်သည်ဟု ဗြိတိသျှ အစိုးရ ကိုယ်စားလှယ် အရေးပိုင်က ချီးကျူး မှတ်တမ်းတင်ခဲ့ပါသည်။ [၁၆၁] သင်္ဘောဆောက်လုပ်ရာ၌ ဆရာမှူးနှင့်အတူ အလုပ်သမား ၂၀၀ ကျော်တို့တွဲ၍က် လုပ်ဆောင်ခဲ့ကြသည်။ ယင်းတို့အနက် လုပ်သား ၅၁ ခန့်မှာ မော်လမြိုင်မြို့မှ လက်သမားများ ဖြစ်ကြသည် [၁၆၂] ဟုဆိုပါသည်။ သကရစ် ၁၂၃၃ ခု (ခရစ် ၁၈၇၁) နှစ်ကုန်ဆုံးချိန်ဝယ် ရတနာပုံ သင်္ဘောစက်ရုံ၏ ထုတ်လုပ်စွမ်းအားမှာ——

ဆောက်လုပ်ပြီး တန် ၂၅၀ ချီ သင်္ဘော ၃ စင်း၊
ဆောက်လုပ်ဆဲ တန် ၂၅၀ ချီ တိုက်သင်္ဘော ၁ စင်းနှင့်
ဆောက်လုပ်ဆဲတန် ၂၀၀ ချီ သင်္ဘော ၁၀ စင်း [၁၆၃]

ဟူ၍ဖြစ်လေသည်။

ဗြိတိသျှ အစိုးရကိုယ်စားလှယ်သည် ရတနာပုံ သင်္ဘောစက်ရုံသို့ မကြာမကြာသွားရောက် ကြည့်ရှု၍ ၎င်းသင်္ဘောဆရာနစ်ကိုလ်ဆင်နှင့် လျှို့ဝှက်စွာ ဆက်သွယ်ကာ ၎င်းသင်္ဘောတို့အခြေအနေကို ထောက်လှမ်း စုံစမ်းကြောင်း တွေ့ရပါသည်။ ဗြိတိသျှအစိုးရတို့ အရေးတကြီး သိလိုသည့် အချက်ကား ဆရာရှမ်းဆောက်လုပ်နေသည့် တိုက် သင်္ဘောမည်မျှ ပြီးမြောက်အောင်မြင်သည်ဆိုသည့် အချက်ပင် ဖြစ်လေသည်။ ယင်းအချက်ကို တိတိကျကျ သိရှိနိုင်ရန် ဗြိတိသျှ ကိုယ်စားလှယ်သည် ၁၈၇၂ ခုနှစ် အတွင်း ဇန္နဝါရီလ ၃ ရက်နေ့တွင် တကြိမ်၊ [၁၆၄] မေလ ၃၁ ရက်နေ့တွင်တကြိမ် [၁၆၅] သင်္ဘောစက်ရုံသို့ သွားရောက်အကဲခတ်လေသည်။ ထို့ပြင် ၁၈၇၁ ခု၊ ဇူလိုင်လအတွင်း သင်္ဘောဆရာ နစ်ကိုလ်ဆင်ထံ တိတ်တဆိတ်စာရေးသားဆက်သွယ်၍ ယင်းသင်္ဘောဆရာ ဆောက်လုပ်နေသည့် သင်္ဘော ၁၀ စင်း အကြောင်း အသေးစိတ်ကို စုံစမ်းသည်။ ထိုစဉ်က သင်္ဘောဆရာနစ်ကိုလ်ဆင်က သူဆောက်လုပ်နေသည့် သင်္ဘော ၁၀ စင်းမှာ သာမန်မြစ်တွင်းသွားများဖြစ်ကြသည်၊ သို့သော် အလိုရှိ၍ အနည်းငယ် ပြုပြင်လိုက်ကဦးပဲ့ အမြောက်ကြီး ၂ စင်း၊ဘေးအမြောက်ငယ် ၄ စင်းမှ ၈ စင်းအထိ တပ်ဆင်နိုင် ပစ်နိုင်သည့် တိုက်သင်္ဘောများ ဖြစ်လာနိုင်ကြောင်း၊ သို့သော် မြန်မာဘုရင် အစိုးရက ထိုသို့ ပြုပြင်လုပ်ဆောင်ရန် အမိန့်တစုံတရာပေးထားခြင်း မရှိကြောင်း ပြန်ကြားလိုက်သည်။ ထို့ပြင် နစ်ကိုလ်ဆင်က အခြားအလိုရှိသည့် မည်သည့် အကြောင်းအရာကိုမဆို ဝမ်းမြောက် ဝမ်းသာပေး ပို့ရန်အသင့်ရှိကြောင်းနှင့် သူသတင်းပေးပို့ကြောင်းကို မြန်မာဘုရင်အစိုးရနားသို့ မပေါက်မကြားအောင် ထိန်းသိမ်းစောင့်ရှောက်ပေးမည့် အကြောင်းကိုလည်း ရေးသား လိုက်လေသည်။ [၁၆၆]

ရတနာပုံ သင်္ဘော စက်ရုံတွင် ဆောက်လုပ်သည့် သင်္ဘောများကို ၁၈၇၂ မှ ၁၈၇၄ ခုနှစ်အတွင်း ဆက်လက်၍ ရေချနိုင်ခဲ့ပါသည်။ အတိအကျ ဖော်ပြရသော် ၁၂၃၄ ခု၊ ဒုတိယဝါဆိုလဆန်း ၇ ရက်(၁၂ ဇူလိုင် ၁၈၇၂) နေ့ သင်္ဘော တစင်း ရေချခဲ့၍ မကြာမီ **ရက်**များအတွင်း ၃ စင်း ထပ်မံ ရေချနိုင်ခဲ့သည် [၁၆၇] ဟု ယူဆရပါသည်။ ယင်းသို့ သင်္ဘော ရေချနိုင်ရန်အတွက် ၁၈၇၂ ခု၊ မေလအတွင်း ကုန်သည်ကြီး မစ္စတာ ဒေါ်ဆင်က သင်္ဘောတစင်းအတွက် စက်ကရိယာများ ဝယ်ယူ တင်သွင်းပေးလေသည်။ [၁၆၈] ထိုအတွင်း အဖိုးငွေ ၁၀ သိန်းခန့်ပေး၍ အင်္ဂလန် နိုင်ငံမှ ဝယ်ယူသည့် သင်္ဘော ၄ စင်းကို ရတနာပုံသင်္ဘော စက်ရုံတွင်ပင် တပ်ဆင်မွမ်းမံ ပြုပြင်ခဲ့ လေသည်။ [၁၆၉] ယင်း သင်္ဘော ၄ စင်းကို ရန်ကုန်မြို့ရှိ **ဟာန်ဒေးကုမ္ပဏီ**မှ တဆင့် ဝယ်ယူခြင်းဖြစ်သည်။ သင်္ဘော များမှာ မြစ်တွင်းသွား ပဲ့ခုတ်စက်ရဟတ်တပ် မီးသင်္ဘောများ ဖြစ်ကြလေသည်။ [၁၇၀] ယင်း သင်္ဘော များကို ရတနာပုံ သင်္ဘော စက်ရုံ၌ မွမ်းမံ တပ်ဆင်ရန်အတွက် **မစ္စတာဘိန်း** ဆိုသူ အင်ဂျင်နီယာ တဦး ထပ်မံ ခေါ်ယူ အမှုထမ်းစေခဲ့လေသည်။ ၁၂၃၅ ခု၊ တော်သလင်းလပြည့်ကျော် ၃ ရက် (၉ စက်တင်ဘာ ၁၈၇၃) နေ့ယင်းသံသင်္ဘော တစင်းကို ကောင်းစွာ ရေချ နိုင်ခဲ့သည်။ [၁၇၁] ကျန် ၃ စင်းမှာမူ ပြီးပြည့်စုံလုနီး အခြေတွင် ရှိသော်လည်း မြစ်ရေ ကျသွားပြီဖြစ်၍နောက်နှစ် မှပင် ရေချနိုင်ခဲ့သည် [၁၇၂] ဟု မှန်းဆရပါသည်။ ၁၂၃၆ ခု၊ နယုန်လ (ဇွန် ၁၈၇၄) အတွင်း မင်းခမ်း မင်းနား ကြီးကျယ်စွာ ပွဲကြီး လမ်းကြီးသဘင်အခြိမ့်က, သိ တီးမှုတ်လျက် ရတနာပုံ သင်္ဘော စက်ရုံမှ သင်္ဘော ၃ စင်းရေချခဲ့ပါသည်။ ယင်းအခမ်းအနားကို ၁၂၃၆ ခု၊ နယုန် လပြည့်ကျော် ၁၄ ရက်(၁၃ ဇွန် ၁၈၇၄)၊ စနေနေ့ထုတ် **မြန်မာ သံတော်ဆင့်သတင်းစာ**တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်။

ရွှေမြို့တော်၌ တည်ဆောက်သော သင်္ဘော ၃ စင်းပြီး၍ မင်းခမ်းမင်းနားဖြင့် ရေသို့ချခြင်း——

လွန်ခဲ့သည့် တနင်္လာနေ့ ၂ ပတ် ၃ ပတ်က ရွှေမြို့တော်၌ တည်ထား လုပ်ကိုင်သော သင်္ဘော ၃ စင်း အပြီးအဆုံးသို့ ရောကသည်နှင့် အထက် သင်္ဘော တည်ရာ ကုန်းမှ ရေထဲသို့ ချရာ၊ ဘုန်းတော်ကြီးလှသော ဘုရားသားတော် မက္ခရာ မင်းသား၊ ရွှေဂူမင်းသား၊ ထိုမှ တပါးသော မင်းသား ၂ ပါးတို့ဆင်တော်ကိုရွှေကြိုးရွှေကအစုံတင်လျက် တန်ဆာ ဆင်ယင်စေ ပြီးလျှင် မိမိတို့လည်း အဖိုးများစွာ ထိုက်တန်သော ဝတ်လဲတော်ပုဆိုး မင်းညီ မင်းသား အဆောင် အယောင်တို့ဖြင့် တင့်တယ်စွာ ဆင်ယင် ဝတ်စား လျက်စီးနင်းပြီးလျှင် မှူးတော် မတ်တော်အရာရှိ အထူးရှိ ကတော် စိုးမင်း တို့နှင့် မင်းခမ်း မင်းနား ကြီးကျယ်စွာ ပွဲကြီး လမ်းကြီး သဘင် အခြိမ့်က, သိတီးမှုတ်စေလျက် သင်္ဘောတော်ကို ချကြလေသည်....

> စက်ဆရာကြီး ဘိန်းသည်လည်း စက်ကြိုးအရာ သေချာစေ့စပ်အရပ်ရပ်လျှောက်ပတ်တတ်ကျွမ်းသူ တယောက်ဖြစ်သည်နှင့်အညီ လုပ်ဆောင်သမျှ အဝဝမှာ ဝိသုကမ္မယိုးမှားသိကြားမင်းလက်သုံးကဲ့သို့ နှုန်းပမာတူပေသည်........[၁၇၃]

ဖေါ်ပြပါ သင်္ဘော ၃ စင်းမှာ "ရွှေမြို့တော်၌ တည်ဆောက်သည်" ဆိုသော်သည်း စင်စစ် အင်္ဂလန်မှ ဝယ်ယူ၍ ရတနာပုံ သင်္ဘောစက်ချိတွင် စက်ဆရာဘိန်းအား ပြုပြင်မွမ်းမံ တပ်ဆင်စေသည့် သံသင်္ဘောများဟု တွေးထင်နိုင်ဖွယ်ရှိပါသည်။ ၁၇၇၃ ခုနှစ်က လုပ်ဆောင်ပြီးစီးသော်သည်း မြစ်ရေကျသွားသည်နှင့် ၁၇၇၄ ခုနှစ်တွင်မှာ ရေချရဟန်တူပါသည်။ ထိုနောက် ၁၂၃၆ ခု ဝါခေါင်လဆန်း ၁ ရက် (၁၃ ဩဂုတ် ၁၇၇၄) ရက်နေ့တွင် နစ်ကိုလ်ဆင် ဆောက်လုပ်သည့် သင်္ဘောတစင်းကို စက်ကရိယာအပြည့်အစုံ တပ်ဆင်ပြီး ရေချခဲ့နိုင်ပြန်သေသည်။ [၁၇၄] ထိုစဉ်က သံသင်္ဘောများကို တပ်ဆင်ပေးသည့် မစ္စတာဘိန်းကို မြန်မာဘုရင်အစိုးရက အမြောက် ၁၆ စင်းတင် တိုက်သင်္ဘောတခုဆောက်လုပ်ရန်လည်း စေခိုင်းခဲ့သည်[၁၇၅] ဟု ဆိုပါသည်။ မော်လမြိုင်မှ ဆရာရှမ်းဆောက်လုပ်သည့် တိုက်သင်္ဘောမှာမူ ၁၇၇၂ ခု အောက်တိုဘာလအတွင်းမှာပင် ပြီးစီးပြည့်စုံ၍ ရေချနိုင်မည် ဟုဆိုသော်လည်း ၁၇၇၃ ခု မေလ ၂၆ ရက်နေ့ သင်္ဘောစက်ချိုသို့ ကာနယ်ဘရောင်းတို့အဖွဲ့ လာရောက်ကြည့်ရှုစဉ်က ယင်းတိုက်သင်္ဘောမှာ ရေမချရသေးဘဲ ရှိနေသေသည်။ ထိုစဉ်က လိုအပ်သည့်စက်များမှာ အင်္ဂလန်မှပင် မရောက်ရှိသေးကြောင်းနှင့် ကာနယ်ဘရောင်း၏ မှတ်တမ်းတွင် ရေးသားထားပါသည်။[၁၇၆] တိုက်သင်္ဘောများအတွက် စက်များကို အိန္ဒိယနေရာက ဝယ်ယူတင်ဆက်မည်ဟု စာချုပ်ဆိုခဲ့သည်ဟုဆိုပါသည်။[၁၇၇] သို့သော် ယင်းတိုက်သင်္ဘောမှာ မည်သည့်ခုနှစ် နေ့ရက်တွင် ပြီးပြည့်စုံ၍ ရေချနိုင်ခဲ့သည်၊ မည်မျှကောင်းမွန်အောင်မြင် အသုံးဝင်ခဲ့သည်ဟူ၍ကား အတိအကျပြောဆိုနိုင်ရန် အထောက်အထား မတွေ့ရသေး ဖြစ်ပါသည်။ ၁၇၇၅ ခု ဇန္နဝါရီလအတွင်း မြန်မာဘုရင် အစိုးရသည် မြစ်တွင်းသွား သင်္ဘောတစင်းကို အမြောက် ၁၂ လက်ဆင်လျက် စစ်ရေး လေ့ကျင့်ခဲ့သည်[၁၇၈] ဟူ၍၎င်း၊ နစ်ကိုလ်ဆင်ဆောက်လုပ်သည့် သင်္ဘောတစင်းတွင် အမြောက် ၁၄ လက်တပ်ဆင်အောင်မြင်လျက်၊ ၁၇၇၅ ခု ဧပြီလအတွင်း ဗန်းမော်သို့ဆန်တက်ခဲ့သည်[၁၇၉] ဟူ၍၎င်း သာမန်မျှသာသိရပါသည်။ ရတနာပုံ သင်္ဘောစက်ချို၏ ၁၇၇၄ ခု နောက်ပိုင်း သိပေါမင်း လက်ထက် လုပ်ရည် လုပ်အားကို ဖေါ်ညွှန်းသည့် အထောက်အထားများလည်း မတွေ့ရသေးဖြစ်ပါသည်။ သိရသမျှသော် ရတနာပုံ သင်္ဘောစက်ချိုမှ ၁၇၇၀ ခု မတိုင်မီ ဆောက်လုပ်ပြီးသည့် သင်္ဘော ၃ စင်း၊ ၁၇၇၁ ခုနှစ်မှစ၍ နစ်ကိုလ်ဆင် ဆောက်လုပ်သည့် ကျွန်းသင်္ဘော ၁၀ စင်း၊ ဆရာရှမ်း ဆောက်လုပ်သည့် အမြောက်တင် တိုက်သင်္ဘော ၁ စင်းနှင့် ဆရာဘိန်း စက်ကရိယာများ တပ်ဆင်လုပ်ဆောင်သည့် သံသင်္ဘော ၄ စင်း၊ ပေါင်း သင်္ဘော ၁၈ စင်း ထုတ်လုပ်နိုင်ခဲ့သည်ဟု မှတ်ယူရမည်ကဲ့သို့ ရှိနေပါသည်။

လွှစက်ရုံ

ရတနာပုံ လွှစက်ချိုသည် မြို့တော်အနောက်မျက်နှာ ပုဏ္ဏားကုန်း သုဿာန်အနောက်မြောက်ယွန်း သင်္ဂဇာချောင်း အရှေ့ဖက်ကမ်း[၁၈၀] ယခုစီလမ်းအဆုံးတွင်တည်ရှိခဲ့ပါသည်။ ယင်းလွှစက်ရုံကြီးတွင် ဘုရင်အသိုရှိသမျှ ကျွန်းသစ်များကို တိုက်ခွဲစိတ်ဖြာရသည်။ စက်ရုံစောင့် အမှုထမ်း ၅ ယောက်တို့မှာ တလလျှင် စပါး ၅၅ တင်းလစာအဖြစ် ရရှိကြသည်[၁၈၁] ဟု သိရပါသည်။

လွှစက်ရုံကို မည်သည့်ခုနှစ်စတင်ဆောက်လုပ်သည်ဟု အတိအကျ မသိရချေ။ ၁၂၃၄ ခု ပထမဝါဆိုလပြည့်ကျော် ၁၅ ရက် (၅ ဇူလိုင် ၁၇၇၂) ရက် သောကြာနေ့ထုတ် **မြန်မာသတင်းစာတွင်**—

> ရေနံဆိပ်မှာ ဆင်သော သစ်ခွဲရန် လွှစက်ကြီးလည်း ဆင်လုပ်၍ ပြီးလုလေပြီ၊ ထိုစက်ကြီးပြီးလျှင် မြန်မာပြည်မှာ ကျွန်းသစ်ပေါများသည်နှင့် အကျိုးများစွာ ဖြစ်ထွန်းစရာကောင်းကြောင်း [၁၈၂]

စသဖြင့် ဖေါ်ပြထားသည်ကို ထောက်လျှင် ၁၇၇၂ ခုနှစ်အတွင်း လွှစက်ကြီးကို တည်ဆောက်ပြီးခဲ့သည်ဟု ယူဆနိုင်ဖွယ်ရှိပါသည်။ ယင်းလွှစက်ရုံအတွင်း လွှထောင် လွှဝိုင်း လွှစက်အမျိုးမျိုး ခုံအပြည့်အစုံနှင့်ရှိသည့်ပြင် လွှသွေးစက်တခုသည်း အရံသင့်ရှိခဲ့ပေသည်။ စက်ရုံတွင်းရှိ မြင်းအကောင် ၄၁ အား ဆသင်ဒါ ၂ လုံးပါ အင်ဂျင်စက်မှာမူ **နယူးကပ်စတယ်မြို့၊ အက်ဘော့အင်ကုမ္ပဏီ** ထွက်ဖြစ်လေသည်။ [၁၈၃]

ရတနာပုံ လွှစက်ရုံ၏ ထုတ်လုပ်စွမ်းအားကို တင်ပြနိုင်ရန် အထောက်အထား မတွေ့ရချေ။ ယင်းလွှစက်ကို တည်ထောင်စက မန္တလေးနေပြည်ရှိ အခြားလွှထောင်များ၏ လုပ်ငန်းကို ထိခိုက်နှေးဖင့်စေခဲ့ဟန်တူပါသည်။ သို့သော် ၁၇၇၂ ခု၊ ဩဂုတ်လအတွင်းရှိ ယင်းလွှထောင်များလည်း လုပ်ငန်းပြန်လည်စိုပြေလာကြသည်ဟု ဗြိတိသျှအစိုးရ ကိုယ်စားလှယ် အရေးပိုင်၏ အစီရင်ခံစာ [၁၈၄] တွင် တွေ့ရပါသည်။ ထို့ပြင် မြန်မာဘုရင်အစိုးရသည် သစ်လုပ်ငန်းကို တိုးတက်ကျယ်ပြန့်စွာ လုပ်ဆောင်နိုင်စေခြင်းငှါ ၁၇၇၃ ခုနှစ်အတွင်း ရန်ကုန်မြို့ရှိ ပဲခူးလွှစက်ကို အဖိုးငွေ ၆၀,၀၀၀ ကျပ်ပေး၍ ဝယ်ယူသည်ဟု ကြားသိရကြောင်းနှင့်လည်း ဗြိတိသျှအစိုးရကိုယ်စားလှယ်က မဟာဝန်ရှင်ဘော်မင်းကြီးထံ သတင်းပေးပို့ အစီရင်ခံခဲ့လေသည်။[၁၈၅] ရတနာပုံ လွှစက်အကြောင်း ဤမျှသာ တင်ပြနိုင်ပါသည်။

သံစက်ရုံ

ရတနာပုံ သံစက်ချိုမှာ မြို့အနောက်မျက်နှာ ပုဏ္ဏားကုန်း သုဿန်အနောက်မြောက်ယွန်း လွှစက်ရုံအနီး တည်ရှိခဲ့သည်။[၁၈၆] သံစက်ချိုဟု ဆိုသော်သည်း စင်စစ်အားဖြင့်သော် ပန်းပဲစက်၊ သတ္တုသွင်းစက်၊ သံရည်ကျိုစက်တို့ကို စုပေါင်းထားရာ လုပ်ဆောင်ရာ အလုပ်ရုံ၊ သို့မဟုတ် စက်ရုံ ၅ ခုရှိခဲ့လေသည်။

Click Here To Continue Page